# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၂၂)၊ ၁၃၈၆ ခုနှစ် ၊ တန်ခူးလဆန်း ၃ ရက် ၊ ၂၁-၃-၂၀၂၅၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပျဉ်းမနားမြို့အတွင်း ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးနေသည့် အဆောက်အအုံများနှင့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဒဏ်သင့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များလမ်းညွှန်မှာကြား

နေပြည်တော် မတ် ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်သင့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဘေးဒဏ်သင့်မှုကြောင့် လမ်းတံတားပျက်စီးမှုများအား ယာယီသွားလာနိုင်ရန် လမ်းပြင်ဆင်နေမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးသည်။ စာမျက်နှာ ၃ သို့ ■

**ယနေ့ ဖတ်စရာ အညွှန်း**

**ပွင့်ဖြူမြို့နယ်တွင် နွေနမ်း ၁၁၃၈ ဧကအထိ စိုက်ပျိုးပြီးစီး၊ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိ**

စာမျက်နှာ ၂

**ပြည်ပသို့ ဆန်တင်ပို့သည့် ကုမ္ပဏီများက ငွေကျပ် ဘီလီယံ ၁၄၀ ခန့်တန်ဖိုးရှိ ဆန်များ ဝယ်ယူပေးမည်ဟု ဆို**

စာမျက်နှာ ၁၅

၂၀၂၅ ခုနှစ်၊ မတ် ၃၁ ရက်၊ တနင်္လာနေ့။

မန္တလေး

## ဆေးလိပ်ငွေ့ကင်းစင်ရေး ဆောင်ရွက်လျက်ရှိ

ဆေးလိပ်သောက်သုံးမှုက တစ်ကမ္ဘာလုံးတွင် တွင်ကျယ်လျက်ရှိသည်။ တချို့သောသူများက ဆေးလိပ်သောက်မှ လူရာဝင်သည်ဟု ထင်မြင်ယူဆကြသည်။ ယနေ့ခေတ်တွင် အလှူမင်္ဂလာဆောင်အစရှိသည့် ပွဲများတွင် ဆေးလိပ်ကို တန်ဖိုးထားကာ ဝေငှနေကြသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ သုတေသနတွေ့ရှိချက်များအရ ဆေးလိပ်သောက်သုံးသူကိုယ်တိုင်နှင့် တစ်ဆင့်ခံဆေးလိပ်ငွေ့သည် လေထုကို ညစ်ညမ်းစေသည့်အပြင် ဆေးလိပ်ငွေ့တွင်လည်း ဓာတုပစ္စည်းပေါင်းများစွာ ပါဝင်လျက်ရှိသည်။

ကျန်းမာရေးအတွက် ဆိုးကျိုးပေးနေသည့် ပစ္စည်းများနှင့် အခြားရောဂါများ ဖြစ်ပွားစေသည့် ဓာတုပစ္စည်းအမျိုးအစားပေါင်းများစွာ ပါဝင်လျက်ရှိသည်ကို သုတေသနပြုလေ့လာတွေ့ရှိချက်အရ သိရသည်။ ပြည်သူလူထုကို ဆေးလိပ်နှင့် ဆေးလိပ်ငွေ့အန္တရာယ်မှ ကာကွယ်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အပြည်ပြည်ဆိုင်ရာ ဆေးရွက်ကြီးထိန်းချုပ်ရေး ကွန်ဗင်းရှင်း(WHO Framework Convention on Tobacco Control ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အနေဖြင့်လည်း ၂၀၀၆ ခုနှစ် မေလတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။

ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်း ဆေးလိပ်ငွေ့ကင်းစင်သည့် ပတ်ဝန်းကျင်ကိုဖန်တီး၍ အများပြည်သူ ကျန်းမာရေးကိုထိခိုက်စေသည့် အန္တရာယ်မှ ကာကွယ်ပေးနိုင်ရန် သက်ဆိုင်ရာဌာနများနှင့် ပူပေါင်းဆောင်ရွက်လျက်ရှိသည်။ ဆေးလိပ်သောက်သုံးမှုကင်းစင်ရေးနှင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှုထိန်းချုပ်ရေးတို့အတွက် လိုအပ်သည့်အမိန့်နှင့်ညွှန်ကြားချက်များကိုလည်း ထုတ်ပြန်ဆောင်ရွက်လျက်ရှိသည်။ ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှုကြောင့် ကင်ဆာရောဂါအမျိုးမျိုး၊ နှလုံးရောဂါ၊ အဆုတ်နှင့် အသက်ရှူလမ်းကြောင်းရောဂါစသည့် နာတာရှည်ရောဂါများဖြစ်ပွားပြီး အရွယ်မတိုင်မီသေဆုံးလျက်ရှိသည်ကို လူတိုင်းသတိမူရမည်ဖြစ်သည်။ အဆိုပါသေဆုံးသူများအနက် တစ်ပါးသူသောက်သုံးသည့် တစ်ဆင့်ခံ ဆေးလိပ်ငွေ့ကို ရှူရှိုက်ရသည့်အတွက် သေဆုံးမှုများရှိနေပြီး အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးငယ်များကို အများဆုံးသက်ရောက်မှုရှိနေသည်ကို သုတေသနပြုချက်အရ လေ့လာတွေ့ရှိရသည်။

မူးယစ်ဆေးဝါးစွဲခြင်း၏ အဓိကအရင်းခံသည် ဆေးလိပ်သောက်သုံးခြင်းမှ အစပြုလျက်ရှိသည်။ လောကတွင် အလင်းနှင့်အမှောင်၊ အဖြူနှင့် အမည်း၊ အမှားနှင့်အမှန် ဒွန်တွဲနေမြဲဖြစ်သည်။ ထို့ကြောင့် တန်ဖိုးကြီးမားလှသည့် လူငယ်၊ လူရွယ်တို့၏ အင်အားများသည် အမှားဘက်သို့ ယိမ်းမိနိုင်သည်။ သူငယ်ချင်းအပေါင်းအသင်းကို ခင်မင်ရာမှလည်း ဆေးလိပ်ကလေးတစ်ဖွာနှစ်ဖွာမှ အစပြုကာ လမ်းမှားကိုရောက်နိုင်သည်ကို ယနေ့လူငယ်များ သတိမူရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆေးလိပ်ငွေ့ကင်းစင်ရေးလုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိသည်။ မိမိသောက်သုံးလိုက်သည့် ဆေးလိပ်ငွေ့က ပတ်ဝန်းကျင်မှ လူအများစုကို ထိခိုက်နေကြောင်း သတိမူ၍ ရှောင်ရှားနိုင်ကြရန်နှင့် ဆေးလိပ်ငွေ့ကင်းစင်သည့်နေရာများ သတ်မှတ်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ပွင့်ဖြူမြို့နယ်တွင် နှမ်း ၁၁၃၈ ဧကအထိ စိုက်ပျိုးပြီးစီး၊ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိ

**ပွင့်ဖြူ မတ် ၃၀**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် နွေနှမ်း ၁၁၃၈ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ပွင့်ဖြူမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၇၁၉၃ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မတ်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ ၁၁၃၈ ဧက စိုက် ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **(အပေါ်ယာပုံ)**

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း နှမ်း ၂၇၁၉၃ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့အထိ နှမ်း ၁၁၃၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဒေသတွင်းရှိ နှမ်းစိုက်တောင်သူတွေကို စိုက်ပျိုးရေးနည်းပညာ အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ဖို့ အသိပညာပေးတာတွေ၊ စိုက်ပျိုးရေ စနစ်တကျ သုံးစွဲကြဖို့နဲ့ စိုက်ပျိုးရေးသွင်းအားစုတွေ မှန်မှန်ကန်ကန် သုံးစွဲကြဖို့ အသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေ တိုးပွားစေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းစိုက်တောင်သူများကို ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ် မှန်ကန်ရေး၊ မြေသြဇာ စနစ်တကျ သုံးစွဲရေး၊ ပိုးမွှားကျရောက်မှု မရှိစေရေး၊ ပန်းတိုင်အထွက်နှုန်းများ ရရှိရေး စသည့် တောင်သူအသိပညာပေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

နှမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ပြည်တွင်း ဆီစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုပါ ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

**(၄၄၅)**

## ရေနံချောင်းမြို့နယ်၌ ပြောင်းဖူးများ လှိုင်လှိုင်ပေါ်

**မကွေး မတ် ၃၀**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်၌ ပြောင်းဖူးလှိုင်လှိုင်ပေါ်နေရာ အရောင်းအဝယ်ကောင်းမွန်လျက်ရှိပြီး တောင်သူများဝင်ငွေရနေကြောင်း ဒေသခံများထံမှ သိရသည်။



ဆောင်းသီးနှံအဖြစ် ပြောင်းဖူးပင်ကို ဘူးကျွန်းကျေးရွာအုပ်စု၊ ပင်းဝကျေးရွာအုပ်စု၊ ဖေါင်းကတောကျေးရွာအုပ်စု၊ မာန်မြေကျေးရွာအုပ်စုများ၌ စိုက်ပျိုးကြပြီး ပြောင်းဖူးများ လှိုင်လှိုင်ရရှိနေကြသည့်အပြင် ရေနံချောင်းမြို့မဈေး၊ ကုန်သည်လမ်းနှင့် ဈေးပတ်ဝန်းကျင်ရှိ လမ်းများ၌ ရောင်းချလျက်ရှိသည်။ **(ဝဲပုံ)**

ဈေးကွက်၌ ယနေ့တွင် ပြောင်းဖူးတစ်ရာလျှင် ၃၀၀၀၀ ကျပ်၊ ၄၅၀၀၀ကျပ်၊ ၆၀၀၀၀ကျပ်အထိ ရောင်းရကြောင်း သိရသည်။

ရေနံချောင်းမြို့နယ်တွင် မိုးနှင့်ဆောင်းရာသီကို အဓိကထားပြီး ပြောင်းဖူးပင်ကို သီးခြားစိုက်ပျိုးခြင်း၊ သီးညှပ်စိုက်ပျိုးကြရာ ပြောင်းဖူးပင်များမှ ပြောင်းဖူးရပြီး ဝင်ငွေရနေကြသည့်အပြင် ပြောင်းဖူးပင်ကို နွားစာအဖြစ် ကျွေးမွေးနိုင်သဖြင့် နွားစာအတွက် ဖူလုံစွာရရှိကြောင်း သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

## သရက်မြို့၌ ငလျင်ဘေး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**သရက် မတ် ၃၀**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ငလျင်ဘေးပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့နံနက် ၁၀ နာရီက မြို့မဈေးကြီးအတွင်းနှင့် ဈေးလေးတို့တွင် ဖြန့်ဝေခဲ့သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ဈေးရောင်းဈေးဝယ်ပြည်သူများအား အသိပညာပေးပြီး ငလျင်ဘေးပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး ငလျင်ဘေးပညာပေးပိုစတာများအား ချိတ်ဆွဲပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ယာပုံ)**

**ဇော်ထက်(သရက်)**

၀-၀-၀-၀-၀



သင့်သွေးဖြင့် အသက်ကယ်ပါ။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပျဉ်းမနားမြို့ ခေမာသီဝံကျောင်းတိုက်အတွင်းရှိ ဓမ္မာရုံတော် ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့မှုအား ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

■ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဥတ္တရသီရိအထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိကြပြီး ငလျင် ဘေးဒဏ်သင့်မှုကြောင့် ဆေးရုံထိခိုက်ပျက်စီးခဲ့ရမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ထိခိုက်ပျက်စီးခဲ့ရမှု အခြေအနေများကို လိုက်လံရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြိုကျပျက်စီးခဲ့မှုကြောင့် ဆေးရုံအတွင်း၌ ပိတ်မိနေသူများအား အမြန်ဆုံးပြန်လည်ဆွဲထုတ်နိုင်ရေးနှင့် အဆောက်အအုံ ထိခိုက်ပျက်စီးမှုအား အမြန်ဆုံး ရှင်းလင်းဖယ်ရှားနိုင်ရေးဆောင်ရွက်သွားရန် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မြန်မာနိုင်ငံမှ ကူညီကယ်ဆယ်ရေးဝန်ထမ်းများနှင့်အတူ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အတူတကွ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည့် ငလျင်လှုပ်ခတ်ပြီးနောက် ၁၈ နာရီအတွင်း မြန်မာနိုင်ငံသို့ ပထမဆုံးရောက်ရှိလာသော တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကယ်ဆယ်ရေးဆေးကုသမှုအဖွဲ့မှ အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ကျေးဇူးတင်စကား ပြောကြားသည်။ အဆိုပါ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကယ်ဆယ်ရေးဆေးကုသမှုအဖွဲ့တွင် အဖွဲ့ဝင် ၃၇ ဦးပါရှိပြီး အရေးပေါ်ကူညီကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၁၁၂ စုံနှင့်အတူ မတ် ၂၉ ရက်နံနက် ၇ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ထို့နောက် နေပြည်တော်သို့ ရောက်ရှိကာ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး ဥတ္တရသီရိ အထွေထွေရောဂါကုဆေးရုံကြီးအတွင်း ပိတ်မိနေသူ

စာမျက်နှာ ၄ သို့ »»»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဥတ္တရသီရိအထွေထွေရောဂါကုဆေးရုံကြီး၌ မြန်မာနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေသည့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကယ်ဆယ်ရေးဆေးကုသမှုအဖွဲ့မှ အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ကျေးဇူးတင်စကားပြောကြားစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဥတ္တရသီရိအထွေထွေရောဂါကုဆေးရုံကြီး၌ ငလျင်ဘေးဒဏ်သင့်မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



ဥတ္တရသီရိအထွေထွေရောဂါကုဆေးရုံကြီး၌ မြန်မာနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကယ်ဆယ်ရေးဆေးကုသမှုအဖွဲ့မှ အဖွဲ့ဝင်များအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

- ☆ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကယ်ဆယ်ရေး ဆေးကုသမှုအဖွဲ့တွင် အဖွဲ့ဝင် ၃၇ ဦးပါရှိပြီး အရေးပေါ်ကူညီကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၁၁၂ စုံနှင့်အတူ မတ် ၂၉ ရက် နံနက် ၇ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်
- ☆ ထို့နောက် နေပြည်တော်သို့ ရောက်ရှိကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး ဥတ္တရသီရိအထွေထွေရောဂါကုဆေးရုံကြီးအတွင်း ပိတ်မိနေသူ သက်ကြီး အမျိုးသမီးတစ်ဦးကို ယနေ့နံနက် ၄ နာရီခန့်(ငလျင်လှုပ်ခတ်ပြီး ၃၆ နာရီကျော်)၌ မြန်မာနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ အသက်ရှင်လျက် ကယ်ထုတ်ပေးနိုင်ခဲ့ကြောင်းနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိ

»»» စာမျက်နှာ ၃ မှ

သက်ကြီး အမျိုးသမီးတစ်ဦးကို ယနေ့နံနက် ၄ နာရီခန့်(ငလျင်လှုပ်ခတ်ပြီး ၃၆ နာရီကျော်)၌ မြန်မာနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ အသက်ရှင်လျက် ကယ်ထုတ်ပေးနိုင်ခဲ့ကြောင်းနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဝိုင်းဝန်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့ ခေမာသီဝံကျောင်းတိုက်အတွင်းရှိ ဓမ္မာရုံတော် ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့မှုအား ကူညီကယ်ဆယ်ရေးနှင့်အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားကာ ကူညီကယ်ဆယ်ရေးအဖွဲ့များအား အားပေးစကားပြောကြားသည်။

ထို့နောက် သက်တော် ၉၂ နှစ်၊ ဝါတော် ၇၂ ဝါရှိပြီဖြစ်သည့် ခေမာသီဝံကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် အဘိဓဇ ဘဒ္ဒန္တ တေဇနိယအား ဖူးမြော်ကြည်ညိုပြီး ဆရာတော်ကြီး၏ ကျန်းမာရေး အခြေအနေများကို မေးမြန်းလျှောက်ထားကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့အတွင်း ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးနေသည့် အဆောက်အအုံများနှင့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက် ပေးနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ပြိုကျပျက်စီးနေသည့်အုတ်ပုံ၊ အပျက်အစီးများအား အမြန်ဆုံးဖယ်ရှားဆောင်ရွက်သွားရန်၊ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေး ဦးစားပေးဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ပြီး ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး စကားပြောကြားသည်။

ငလျင် ဘေးဒဏ်သင့်ခဲ့သည့် ဒေသများအားလုံး၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများ၊ ဒေသခံပြည်သူများအားလုံး စုပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အအုံ၊ လမ်း/တံတားများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၃၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ငလျင်ဒဏ် သဘာဝဘေးကြောင့် ပျက်စီးသွားသည့် မန္တလေးတက္ကသိုလ်အတွင်းရှိ အဆောက်အအုံများနှင့် ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်ရှိ ဒုဋ္ဌဝတီတံတားသို့ သွားရောက်၍ ပျက်စီးမှုများနှင့် လတ်တလောပြုပြင်ဆောင်ရွက်နိုင်မည့် အခြေအနေ၊ တာရှည်ခိုင်ခံ့အောင် ပြင်ဆင်ဆောင်ရွက်မည့်အခြေအနေတို့ကို အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတက္ကသိုလ်သို့ ရောက်ရှိကြရာ တက္ကသိုလ်မှ တာဝန်ရှိသူများက မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် မန္တလေးတက္ကသိုလ်ရှိ အဆောက်အအုံများ ပျက်စီးမှုအခြေအနေ၊ တစ်ဆက်တည်း လျှပ်စစ်ဝါယာရှော့ဖြစ်၍ မီးလောင်ပျက်စီးခဲ့ရသည့် အခြေအနေတို့ကို လိုက်လံရှင်းလင်းပြသရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မန္တလေးတက္ကသိုလ်အတွင်းရှိ ပျက်စီးသွားသော အဆောက်အအုံများကို ပြင်ဆင်နိုင်ရန်အတွက် အသေးစိတ်လာရောက်စစ်ဆေးခြင်းဖြစ်ကြောင်း၊ ပျက်စီးသွားသော အဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတကာ စံသတ်မှတ်ချက်ဖြစ်သည့် အမြန်မျက်မြင် ဆန်းစစ်ဆောင်ရွက်ခြင်းလုပ်ငန်းစဉ် (Rapid Visual Screening Procedures) အဆင့်များအတိုင်း စနစ်တကျစစ်ဆေးဆောင်ရွက်ပြီးမှသာ Detail Structure အသေးစိတ်တွက်ချက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ငလျင်ဒဏ်နှင့်အတူ မီးလောင်ပျက်စီးခဲ့သော ပင်မဆောင်အဆောက်အအုံသည် ၁၉၂၄ ခုနှစ် မန္တလေးတက္ကသိုလ် စတင်ဖွင့်လှစ်စဉ်ကတည်းက အဆောက်အအုံဖြစ်၍ နှစ်ပေါင်း ၁၀၀ ရှိသော ယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံဖြစ်ကြောင်း။

အဆောက်အအုံများကို ပြန်လည်ပြုပြင်ရာတွင် အရည်အသွေးပြည့်မီစေရေးနှင့် ဆောလျင်စွာပြီးစီး၍ ပြန်လည်အသုံးပြုနိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ကြပ်မတ်မှုဖြင့် မြန်မာမြို့ပြနှင့်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်း (MDA) နှင့် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ် (MCEF)တို့ ပူးပေါင်း၍ တာဝန်ခွဲဝေပြီး သတ်မှတ်ချိန်အတွင်း ပြီးစီးစေရေး ဦးစားပေးအလိုက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အဆောက်အအုံများ၏ လက်ရှိပျက်စီးမှုများအား ဝိုင်းဝန်းရှင်းလင်း ဆောင်ရွက်ရန် စီစဉ်ထားရှိမှုနှင့်စပ်လျဉ်း၍ အန္တရာယ်ကင်းရှင်းအောင် စက်ယန္တရားများ အသုံးပြုဆောင်ရွက်ရန်တို့ကို ဖြည့်စွက်မှာကြားကာ ပျက်စီးသွားသော အဆောက်အအုံများအား အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေးအမြန်လမ်း မန္တလေးမှ နေပြည်တော်သို့ လမ်းပိုင်းအတိုင်း ငလျင်ဒဏ်ကြောင့် လမ်းတစ်လျှောက် ကွန်ကရစ်လမ်းသား မျက်နှာပြင်များ တွန့်ခေါက်မြင့်တက်၍ ပျက်စီးခဲ့သည့် အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ မိုင်တိုင်အမှတ် (၃၅၈/၂) ရှိ ဒုဋ္ဌဝတီတံတား ပျက်စီးသွားသည့် အခြေအနေကို သွားရောက်စစ်ဆေးရာ တာဝန်ရှိသူများက ပြင်ဆင်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဒုဋ္ဌဝတီတံတားသည် အရှည်ပေ ၇၀၀ ရှိပြီး ငလျင်ဒဏ်ကြောင့် တံတားတိုင်များနှင့် ရက်မများ ပြိုကျပျက်စီးခဲ့ရာ ရန်ကုန်-မန္တလေး အမြန်လမ်းသည် မိုင်တိုင်အမှတ် (၃၅၈/၂)ရှိ ဒုဋ္ဌဝတီတံတားနေရာ၌ လက်တလောတွင် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်လျက်ရှိသော်လည်း တံတားအပိုင်းမှ တစ်ဆင့် ရန်ကုန်-မန္တလေးလမ်းမကြီး (လမ်းဟောင်း) အတိုင်း ခရီးသွားယာဉ်များနှင့် ကုန်တင်ယာဉ်များ ပုံမှန်အတိုင်း သွားလာလျက်ရှိပါကြောင်း သိရသည်။

သတင်းစဉ်

# ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်သွားနိုင်ရေး အထူးအစည်းအဝေးတစ်ရပ်ကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လမ်းညွှန်မှာကြား

နေပြည်တော် မတ် ၃၀

အလွန်အင်အား ပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ငလျင်ဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်သွားနိုင်ရေး အထူးအစည်းအဝေးတစ်ရပ်ကို ယနေ့နံနက်အစောပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး ညွှန်ခန်း၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အစည်းအဝေးသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ငလျင်ဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများ၊ နိုင်ငံတကာက ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ ကူညီကယ်ဆယ်ရေး အထောက်အကူပြုအဖွဲ့များနှင့် ဆေးအဖွဲ့များ စေလွှတ်ပေးနိုင်ရေး ကမ်းလှမ်းလာခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ပြိုကျပျက်စီးသွားသောအဆောက်အအုံများနှင့် အပျက်အစီးများအား ရှင်းလင်းဖယ်ထုတ်ခြင်းအပိုင်း၊ ပြိုကျပျက်စီးနေဆဲ အဆောက်အအုံများအား ဘေးအန္တရာယ် မဖြစ်စေရေး စနစ်တကျရှင်းလင်းဖယ်ရှားခြင်းအပိုင်း၊ ပြန်လည်တည်ဆောက်ခြင်း အပိုင်းဟူ၍ အပိုင်းသုံးပိုင်းဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့် လမ်းတံတားများ၊ နိုင်ငံပိုင်အဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မိမိတို့အနေဖြင့် အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပြီး ငွေကြေးအင်အား၊ လူအင်အား၊ ယာဉ်ယန္တရားအင်အားများစွာကို သုံးစွဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကတည်ဆောက်ရေးလုပ်ငန်းများကိုလည်း ထောက်ပံ့ပေးရန် လိုအပ်မည်ဖြစ်သဖြင့် နိုင်ငံတကာက အကူအညီများတောင်းခံရာတွင် ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်သည့် ဆောက်လုပ်ရေးသုံးပစ္စည်းများကိုလည်း ထည့်သွင်းတောင်းခံသွားရန် လိုကြောင်း၊ အဆောက်အအုံအာမခံ လုပ်ငန်းများတွင် အာမခံထားရှိမှုများကိုလည်း စနစ်တကျစိစစ်၍ အာမခံငွေကြေးများရရှိရေးအတွက်လည်း ဆောင်ရွက်ပေးသွားရန် လိုကြောင်း။

နိုင်ငံတကာမှ လာရောက်သည့် ကူညီကယ်ဆယ်ရေးအဖွဲ့များအတွက် နေရေး၊ စားရေးအဆင်ပြေစေရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ဆက်သွယ်ရေးလမ်းကြောင်းများ အမြန်ဆုံးယခင်အခြေအနေအတိုင်း ပြန်လည်သွားလာနိုင်ရေးအတွက်လည်း ဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်း၊ စစ်ကိုင်း-မန္တလေး လမ်းဟောင်းပေါ်ရှိ စစ်ကိုင်းတံတား(အင်းဝ)ရထားလမ်းကူး တံတားပြိုကျပျက်စီးနေမှုအား အမြန်ဆုံး ပြန်လည်ဆယ်တင် ဆောင်ရွက်သွားရန် လိုပြီး ရေလမ်းကြောင်းအမြန်ပြန်ပွင့် အောင် ဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်း၊ ယင်းရထားလမ်းအပြင် အခြား ငလျင်ဘေးဒဏ်ကြောင့် ယိုယွင်းမှုများဖြစ်ပေါ်ခဲ့ရသည့် ရထားလမ်းများကိုလည်း အမြန်ဆုံးပြန်လည်ပြေးဆွဲပေးနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည့် လေယာဉ်ပြေးလမ်းများကိုလည်း အမြန်ဆုံး ပြန်လည်ပြုပြင်ဖွင့်လှစ်ပေးသွားရန် လိုကြောင်း၊ ယိုယွင်းပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည့် လမ်းတံတားများကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးတို့ ပူးပေါင်း၍ အမြန်ဆုံးပြန်လည်ကောင်းမွန်အောင် ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့်တန်ချိန်များစွာကို မတင်နိုင်သည့် ကရိန်းကားများကိုလည်း ငလျင်ဘေးဒဏ်သင့်ဒေသများသို့ အမြန်ဆုံး စေလွှတ်ဆောင်ရွက်သွားစေလိုကြောင်း။

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရမှုများကို ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲမှုရှိစေရေးနှင့် ခိုင်ခိုင်မာမာဖြစ်စေရေး စနစ်တကျတွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း၊ မန္တလေးနန်းမြို့ရိုးတစ်လျှောက် ထိခိုက်ပျက်စီးမှုသည် ၄၀ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ပြန်လည်ပြုပြင် တည်ဆောက်ခြင်းများဆောင်ရွက်ရာတွင် ရှေးမူလက်ရာမပျက်ဆောင်ရွက်သွားရန်နှင့် အုတ်ရိုးပြုပြင်မှုအား အရည်အသွေးမြင့်၊ စံချိန်မီအုတ်များကိုအသုံးပြု၍ မိုးမကျမီပြုပြင်ပြီးစီးနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ မန္တလေးမြို့တွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင် အဆောက်အအုံနေရာအနည်းငယ်အတွင်း သံဃာတော်များ အများအပြားသီတင်းသုံး နေထိုင်လျက်ရှိသဖြင့် သံဃာတော်များအားလုံး၏ဆွမ်းကွမ်းနှင့် ဝေယျာဝစ္စကိစ္စရပ်များအားလုံးအဆင်ပြေစေရေး သင့်လျော်သည့်စီမံမှုများ ဆောင်ရွက်ပေးသွားရန် လိုကြောင်း။

ယခုဖြစ်ပေါ်ခဲ့သည့် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများကို သင်ခန်းစာယူ၍ လမ်းတံတားနှင့် အဆောက်အအုံများ ဆောက်လုပ်ရာတွင် သဘာဝဘေးအန္တရာယ် ခံနိုင်ရည်စံနှုန်းများကို စနစ်တကျတွက်ချက်ဆောက်လုပ်စေရေး စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုလှုပ်ခတ်ခဲ့သည့် ငလျင်ဆိုင်ရာအချက်အလက်နှင့် ဖြစ်ပေါ်မှုများကိုလည်း စနစ်တကျမှတ်တမ်းပြုစုထားရှိရန်နှင့် ထုတ်ပြန်မှုများဆောင်ရွက်ပေးသွားရန် လိုကြောင်း။

ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ရာတွင်လည်း ငလျင်ဘေးဒဏ်သင့်ခဲ့ရသူများ အားလုံး၊ ရသင့်ရထိုက်သူများအားလုံး ရရှိစေရေး စနစ်တကျစာရင်းပြုစု ဆောင်ရွက်သွားရန်လိုပြီး စားရေး၊ သောက်ရေး အဆင်ပြေအောင် ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ စာရင်းများ မထပ်စေရေးနှင့် ကျန်နေခဲ့ရသူများ မရှိစေရေး မျှမျှတတ ဖြစ်စေရေး တာဝန်ရှိသူများအားလုံးက ကြပ်ကြပ်မတ်မတ်ဖြင့် စနစ်တကျစာရင်းကောက်ယူပြုစုဆောင်ရွက်သွားရန် လိုကြောင်း၊ မိမိတို့အနေဖြင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များကို များစွာဆောင်ရွက်သွားရမည် ဖြစ်ပြီး ဦးစားပေးအဆင့်အလိုက် အမြန်ဆုံး ဆောင်ရွက်ပေးသွားရန် လိုကြောင်း မှာကြားသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်သွားနိုင်ရေး အထူးအစည်းအဝေးတွင် လမ်းညွှန်မှာကြားစဉ်။

- ❖ ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ရာတွင်လည်း ငလျင်ဘေးဒဏ်သင့်ခဲ့ရသူများ အားလုံး၊ ရသင့်ရထိုက်သူများအားလုံး ရရှိစေရေး စနစ်တကျစာရင်းပြုစုဆောင်ရွက်သွားရန် လိုပြီး စားရေး၊ သောက်ရေးအဆင်ပြေအောင် ဆောင်ရွက်ပေးသွားရန်လို
- ❖ စာရင်းများ မထပ်စေရေးနှင့် ကျန်နေခဲ့ရသူများ မရှိစေရေး မျှမျှတတဖြစ်စေရေး တာဝန်ရှိသူများအားလုံးက ကြပ်ကြပ်မတ်မတ်ဖြင့် စနစ်တကျစာရင်းကောက်ယူပြုစုဆောင်ရွက်သွားရန်လို
- ❖ မိမိတို့အနေဖြင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များကို များစွာဆောင်ရွက်သွားရမည်ဖြစ်ပြီး ဦးစားပေးအဆင့်အလိုက် အမြန်ဆုံးဆောင်ရွက်



# အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အထူးအရေးပေါ်အစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်

နေပြည်တော် မတ် ၃၀

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သည့် အင်အားပြင်းငလျင်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပွားခဲ့မှုနှင့်ပတ်သက်၍ မတ် ၃၀ ရက် (တနင်္ဂနွေနေ့)တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အထူးအရေးပေါ်အစည်းအဝေးကို မြန်မာနိုင်ငံမှ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပါဝင်တက်ရောက်ခဲ့သည်။ အဆိုပါအစည်းအဝေးသည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် ပြင်းထန်သောငလျင် ဖြစ်ပွားပြီးနောက်၌ ငလျင်ဘေးသင့်ရာ ဒေသများတွင် လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ရေး၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သည့် ပေါင်းစပ်ညှိနှိုင်းမှုများ ပြုလုပ်နိုင်ရန် ကျင်းပခြင်းဖြစ်သည်။

အဆိုပါအစည်းအဝေး၌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်သက်ရောက်မှုများမှ ကူညီကယ်ဆယ်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၌ အင်အားပြင်းငလျင် ဖြစ်ပွားခဲ့သည့် မတ် ၂၈ ရက်တွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ အရေးပေါ်အခြေအနေကို ထုတ်ပြန်ကြေညာခဲ့ပြီးသည်နှင့် တစ်ပြိုင်နက် ငလျင်ကြောင့်ထိခိုက်ခံစားရသူများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ပြင်းအားမြင့်ငလျင်နှင့် ဆက်စပ်သည့် ငလျင်ငယ် ၁၇ ကြိမ်ကျော်ကိုလည်း ကြုံတွေ့လျက်ရှိသည့်အတွက် လတ်တလောတွင် ပျောက်ဆုံးနေသူများ ရှာဖွေကယ်ဆယ်ရေးနှင့် ယာယီနေထိုင်နိုင်ရန် ကျန်းမာရေးစောင့်ရှောက်မှုများအတွက် အဓိကအကူအညီလိုအပ်ကြောင်း၊ ပြိုကျပျက်စီးမှုမရှိသည့် အဆောက်အအုံများကို အန္တရာယ်ကင်းစွာသုံးစွဲနိုင်မှုကို ဆန်းစစ်ခြင်း၊ ပြင်ဆင်ဆောက်လုပ်ခြင်းများကို ဆောင်ရွက်မည်ဖြစ်၍ ဝိုင်းဝန်းပူးပေါင်းကူညီပေးရန် မေတ္တာရပ်ခံခဲ့သည်။

အာဆီယံနိုင်ငံများက မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် ကြုံတွေ့ခဲ့ရသည့် ငလျင်ဘေးသင့် ပြည်သူများအပေါ် များစွာစာနာ၊ စိတ်မကောင်းဖြစ်ရကြောင်းနှင့် အရေးပေါ်အခြေအနေ ကြုံတွေ့နေရသည့်အချိန်တွင် အာဆီယံအနေဖြင့် စည်းလုံးညီညွတ်မှု မြှင့်တင်ကြရန်နှင့် လူသားချင်းစာနာမှု အကူအညီများ၊ ပံ့ပိုးမှုများနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် အသင့်ရှိပါကြောင်း ပြောကြားသည်။ **သတင်းစဉ်**

## အင်အားအလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခံစားခဲ့ရသော ငလျင်ဘေးသင့်ပြည်သူများအတွက် အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၂၈-၃-၂၀၂၅ ရက်နေ့တွင် မန္တလေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် (၂၁)ကီလိုမီတာကွာဝေးသည့် မြန်မာနိုင်ငံပြည်တွင်း အနက်(၁၀)ကီလိုမီတာကိုဗဟိုပြု၍ ရစ်ချ်စတာစကေး ၇ ဒသမ ၇ အဆင့်ရှိ အင်အားအလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခံစားခဲ့ရသော ငလျင်ဘေးသင့်ပြည်သူများကို ကူညီထောက်ပံ့နိုင်ရေးအတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ (၁-၄-၂၀၂၅) ရက်နေ့တွင် အလှူငွေပေးအပ်လှူဒါန်းပွဲ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် လှူဒါန်းမည့်အလှူရှင်များအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

နေပြည်တော်

ဒေါ်လှဲ့လှဲ့အေး<br>
ညွှန်ကြားရေးမှူးချုပ်<br>
ဘေးအန္တရာယ်ဆိုင်ရာ<br>
စီမံခန့်ခွဲမှုဦးစီးဌာန<br>
၀၆၇-၃၄၀၄၇၀၁<br>
၀၉-၂၀၂၁၄၉၁

ဦးဝင်းရွှေ<br>
ဒုတိယညွှန်ကြားရေးမှူးချုပ်<br>
ဘေးအန္တရာယ်ဆိုင်ရာ<br>
စီမံခန့်ခွဲမှုဦးစီးဌာန<br>
၀၆၇-၃၄၀၄၇၀၂<br>
၀၉-၂၅၄၁၇၀၀၁၁

ဒေါ်ဖြူဖြူဝင်း<br>
ညွှန်ကြားရေးမှူး<br>
ဘေးအန္တရာယ်ဆိုင်ရာ<br>
စီမံခန့်ခွဲမှုဦးစီးဌာန<br>
၀၆၇-၃၄၀၄၇၀၃<br>
၀၉-၄၃၀၅၄၈၄၄

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ပြင်းထန်ငလျင်ဘေးသင့် ဝန်ထမ်းများကို တွေ့ဆုံအားပေး

နေပြည်တော် မတ် ၃၀

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် နေပြည်တော်၌ ဖြစ်ပေါ်ခဲ့သည့် ပြင်းထန်ငလျင်ဘေးသင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းများအား ယာယီခိုလှုံစခန်းများတွင် နေရာချထားပေးနိုင်ရေးနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် မတ် ၃၀ ရက်တွင် ကုံကော်အိမ်ရာ၌ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားတွေ့ဆုံ၍ မိမိတို့ဝန်ကြီးဌာနမှ ငလျင်ဘေးသင့်ဝန်ထမ်းများ ယာယီနေထိုင်ရေးနှင့် ရေ၊ မီးသုံးစွဲနိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးဆိုင်ရာများ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

### ဖွင့်လှစ်ပေးသွားမည်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ပြင်းထန်ငလျင်ဘေးသင့်ဝန်ထမ်းများကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်နှင့် ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံကျောင်းဝင်းတို့အတွင်း ယာယီကူညီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်နှင့် ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံကျောင်းများသို့ ကွင်းဆင်းစစ်ဆေး၍ ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြင်းထန်ငလျင်ဘေးကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံကျောင်း ရာပြည့်ရှေးဟောင်းအဆောက်အအုံနှင့် စာသင်ဆောင်များကို ကြည့်ရှုစစ်ဆေးပြီး စနစ်တကျရှင်းလင်းဖယ်ရှားနိုင်ရေးနှင့် ပြန်လည် ပြုပြင်ထိန်းသိမ်းနိုင်သည့် အဆောက်အအုံများကို ကျွမ်းကျင်သူများအဖွဲ့ဖြင့် စစ်ဆေးဆောင်ရွက်ရေးလုပ်ငန်းများကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့သည်။

### ဆွေးနွေး

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဆင်သေရေလွှဲဆည်သို့သွားရောက်၍ ပြင်းထန်ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရေလွှဲဆည်ပြန်လည်ပြုပြင်ရမည့် လုပ်ငန်းအဆင့်ဆင့်နှင့် မူလရေသောက်ဧရိယာ ၁၁၆၅၉ ဧကအတွင်းရှိ သီးနှံများ စိုက်ပျိုးရေရရှိရေး အစီအမံများကို တာဝန်ရှိသူများနှင့် အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင်လည်း ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ပြင်းထန်ငလျင်ဒဏ်ခံခဲ့ရသည့် ပေါင်းလောင်းရေလှောင်တမံ၏ အတွင်းပိုင်း ကြွခိုင်မှုများအား ဘူမိရူပတိုင်းတာသည့် စက်များဖြင့် တိုင်းတာစစ်ဆေးနေမှုကိုလည်းကောင်း၊ တမံထိပ်ပြင်ပေါ်ရှိ အက်ကွဲကြောင်းများအား မျက်မြင်တူးဖော်စစ်ဆေးနေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆက်လက်စောင့်ကြည့်စစ်ဆေးရမည့် အခြေအနေများကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်းနှင့် ရေလှောင်တမံ၏ ကြံ့ခိုင်မှုအခြေအနေမှာ စိုးရိမ်စရာမရှိကြောင်း သိရသည်။

**သတင်းစဉ်**





# မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်သင့်ဒေသများ၌ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်

နေပြည်တော် မတ် ၃၀

မန္တလေးတိုင်းဒေသကြီး အတွင်း ငလျင်ဒဏ်သင့်ဒေသများ၌ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးဆက်လက်ဆောင်ရွက်သွားနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှာဖွေကယ်ဆယ်ရေး၊ ရှင်းလင်းရေးလုပ်ငန်းများကို ပိုမိုတိုးမြှင့်ထိရောက်စွာဆောင်ရွက်သွားနိုင်ရေးနှင့် ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားသည့် နေရာများတွင် ဦးစားပေးအဆင့်အလိုက်ရှာဖွေကယ်ဆယ်ခြင်းလုပ်ငန်းများကို လျင်မြန်ထိရောက်စွာ ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်က ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မြေပြင်တွင် ဖြစ်ပေါ်နေသော အခြေအနေမှန်ကို တိကျစွာသိရှိ၍ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ အမြန်ဆုံး ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး၊ ထိခိုက်ဒဏ်ရာရရှိသူများကိုလည်း ဆေးဝါးကုသမှု၊ အခြားလိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုများကို ပိုမိုထိရောက်စွာ အမြန်ဆုံးဆောင်ရွက်ရေး၊ နိုင်ငံတကာမှ လာရောက်ကူညီဆောင်ရွက်နေသည့် ကယ်ဆယ်ရေးအဖွဲ့များအား လုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဝိုင်းဝန်းပံ့ပိုးကူညီရေးတို့နှင့်ပတ်သက်၍ ဖြည့်စွက်ပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ဂရိတ်ဝေါဟိုတယ်၊ ဦးလှသိန်း ဓမ္မဗိမာန်၊ ဇီဝိတဒါနသံဃာ့ဆေးရုံ (မန္တလေး)၊ Nadi Myanmar Hotel Mandalay၊ မန္တလေးတက္ကသိုလ်၊ အမြန်လမ်း ၃၈၅ မိုင် ၅ ဖာလုံ နေရာများသို့ သွားရောက်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှု၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အဖွဲ့များအား ဂုဏ်ပြုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု ပြတ်တောက်နေသည့်အခြေအနေနှင့်ပတ်သက်၍ အများပြည်သူသို့ အသိပေးသတင်းထုတ်ပြန်ခြင်း

၂၀၂၅ ခုနှစ်၊ မတ်လ ၃၀ ရက်


၁။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် အင်အားအလွန်ပြင်းထန်သောမြေငလျင်နှင့် နောက်ဆက်တွဲငလျင်ငယ်များ လှုပ်ခတ်မှုကြောင့် ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာများနှင့် ဆက်စပ်ပစ္စည်းများ ပျက်စီးချို့ယွင်းမှုများ ဖြစ်ပေါ်ခဲ့၍ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ အဆိုပါ ပျက်စီးချို့ယွင်းမှုဖြစ်ပေါ်ခဲ့မှုများအနက် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးလိုင်းများနှင့် ပင်မဓာတ်အားခွဲရုံပျက်စီးခဲ့မှုများကို လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ၁၃၄ ဦးဖြင့်လည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဓာတ်အားဖြန့်ဖြူးရေးလိုင်းများနှင့် ဓာတ်အားခွဲရုံများ ပြန်လည်ပြုပြင်နိုင်ရေးအတွက် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများအပြင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ၄၂၆ ဦး စုစုပေါင်းဝန်ထမ်းအင်အား ၅၆၀ ဦးတို့ဖြင့် ဓာတ်အားအမြန်ပို့လွှတ်ဖြန့်ဖြူးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မန္တလေးတိုင်းဒေသကြီး နယ်မြေအတွင်း ပျက်စီးမှုများအား အမြန်ဆုံးပြင်ဆင်နိုင်ရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများအပြင် ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ၅၄၅ ဦးတို့ဖြင့် ဓာတ်အားအမြန်ပို့လွှတ်ဖြန့်ဖြူးနိုင်ရေး အင်အားစုဖွဲ့၍ ပြန်လည်ပြင်ဆင်တည်ဆောက်ခြင်း လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါသည်။

၃။ ထိုသို့ လျှပ်စစ်ဓာတ်အားများ အမြန်ဆုံး ပြန်လည်ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေး အရှိန်အဟုန်မြှင့်တင်၍ ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ပြည်ထောင်စုဝန်ကြီး ဦးစီး၍လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ဒုတိယဝန်ကြီးဦးစီး၍လည်းကောင်း ပြုပြင်ပြင်ဆင်ခြင်းလုပ်ငန်းများကို စီမံဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများ ဖြစ်ပေါ်လျက်ရှိနေသည့်အပေါ် ပြည်သူလူထုအနေဖြင့် နားလည်ပေးနိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန





# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသည့် ဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၃၀

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ပြိုကျပျက်စီးသည့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများအား တွေ့ဆုံအားပေးသည်။

ဦးစွာ ခရေအိမ်ရာ တိုက်အမှတ် (၁၃၂)၊ (၁၃၃)၊ (၁၃၄) ၌ ဝန်ထမ်းအိမ်ရာများပြိုကျပျက်စီးမှုကိုကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံအားပေးသည်။

ထို့နောက် ဇေက ၁၀၀၀ တိုက်အမှတ် (၁၃၂၂)၊ (၁၃၂၇) ၌ ဝန်ထမ်းအိမ်ရာများ ပြိုကျပျက်စီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများကို တွေ့ဆုံအားပေးသည်။ ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယခုကြုံတွေ့ခဲ့ရသည့် ပြင်းထန်သော ငလျင်မှာ မိမိတို့နိုင်ငံတွင် နှစ်ပေါင်း ၁၀၀ ကျော်အတွင်း ပထမအကြိမ်ဖြစ်ကြောင်း၊ ငလျင်ဒဏ်ကြောင့် ရုံးများ၊ အိမ်ရာများ၊ လမ်းတံတားများ ပျက်စီးမှုများပြားခဲ့ကြောင်း။

နိုင်ငံတော်က ရွက်ဖျင်တဲများ၊ ယာယီအိမ်သာများ ဖြန့်ခွဲပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိတွင် ဝန်ထမ်းများအနေဖြင့် မိမိတို့ပိုင်ပစ္စည်းများအနီး အရိပ်အာဝါသကောင်းသော နေရာတွင် နေရာယူထားကြခြင်း ဖြစ်သော်လည်း ယခုရက်အတွင်း အားကစားကွင်းကဲ့သို့ ကျယ်ပြန့်သောနေရာတွင် ယာယီတဲများ ဆောက်လုပ်နေရာချထားပေးမည်ဖြစ်ကာ ဆေးဝါး၊ ရိက္ခာများလည်း ဖြည့်ဆည်းပေးထားမည်ဟု သိရှိရကြောင်း၊ သဘာဝဘေးသည် တားဆီး၍မရနိုင်သဖြင့် ကြောက်ရွံ့နေစရာမလိုဘဲ အားတင်းရင်ဆိုင်ရမည်ဖြစ်ကြောင်း၊ မိမိတို့ထက် အခြေအနေဆိုးရွားသော နေရာများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် လက်ရှိဝန်ထမ်းအိမ်ရာအများစုမှာ ဆက်နေရန် အခက်အခဲများ ရှိနေသည်ကို တွေ့မြင်ရကြောင်း ပြောကြားပြီး ဝန်ထမ်းများ တင်ပြသည့် သုံးရေ၊ ယာယီအိမ်သာ၊ တယ်လီဖုန်းအားသွင်းရန် ကိစ္စရပ်များနှင့်ပတ်သက်၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တိုက်ပြိုကျမှု ပြင်းထန်ပြီး သေဆုံး၊ ဒဏ်ရာရရှိမှုများရှိခဲ့သည့် တိုက်အမှတ် (၁၃၀၇) ကိုသွားရောက်ကြည့်ရှုပြီး ဝန်ထမ်းများအား တွေ့ဆုံ၍ အားပေးစကား ပြောကြားခဲ့သည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဇေက ၁၀၀၀ တိုက်အမှတ် (၁၃၂၂) ၌ ဝန်ထမ်းများကို တွေ့ဆုံအားပေးစဉ်။



တိုက်အမှတ် (၁၃၀၇) ပြင်းထန်စွာ ပြိုကျနေမှုကို တွေ့ရစဉ်။

# ငလျင်ဒဏ်သင့်ဒေသများအတွက် ပြည်ပနိုင်ငံများက လှူဒါန်းသည့်ပစ္စည်းများ ဆက်လက်ရောက်ရှိ

ရန်ကုန် မတ် ၃၀

ငလျင်ဒဏ်သင့်ဒေသများ၌ ပျက်စီးဆုံးရှုံးမှုများအား နိုင်ငံတော်အစိုးရအနေဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပြီး ပြည်ပက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများရရှိစေရေးအတွက် လမ်းဖွင့်ပေးထားပြီဖြစ်ရာ မလေးရှားနိုင်ငံအစိုးရက ပေးအပ်လှူဒါန်းသည့် တစ်ကိုယ်ရေသုံးပစ္စည်းများနှင့် တာပေါ်လင်စများ တင်ဆောင်လာသည့် မလေးရှားနိုင်ငံလေကြောင်းလိုင်းမှ လေယာဉ်သည် ယနေ့ နံနက် ၁၀နာရီ မိနစ် ၂၀ခန့်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနက လက်ခံရယူသည်။

ဆက်လက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ပေးအပ်လှူဒါန်းသော ဆန်၊ ပဲ စသည့်ပစ္စည်းများကို ဘင်္ဂလားဒေ့ရှ်တပ်မတော်မှ တပ်မတော်လေယာဉ်နှစ်စင်းဖြင့် သယ်ဆောင်ပြီး မွန်းလွဲ ၃နာရီ ၅မိနစ်ခန့်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိသည်။

အဆိုပါမြန်မာနိုင်ငံရှိ ငလျင်ဒဏ်သင့် ပြည်သူများအတွက် ပေးအပ်လှူဒါန်းသည့် ပစ္စည်းများကို မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံရုံးမှ သံအမတ်ကြီး H.E. Dr. Md Monwar Hossain က ပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက လက်ခံရယူသည်။

ယင်းနောက် ညနေ ၅နာရီ ၄၄မိနစ်တွင် ဗီယက်နမ်နိုင်ငံ Vietjet



Airline ဖြင့် ဗီယက်နမ်နိုင်ငံသား ကယ်ဆယ်ရေးအဖွဲ့ ခေါင်းဆောင် Mr. Minhduc Bui ပါ အဖွဲ့ဝင် ၁၀၆ဦး၊ အနံ့ခံ(ရှာဖွေကယ်ဆယ်ရေး)ခွေးရှစ်ကောင်တို့နှင့် မြန်မာနိုင်ငံရှိ မြေငလျင်ဘေးဒဏ်သင့် ဒေသများအတွက် ကူညီလှူဒါန်းရန် ကယ်ဆယ်ရေးပစ္စည်းများ ၁၁၆၃၉ ကီလိုဂရမ်အား တင်ဆောင်၍ ဗီယက်နမ်နိုင်ငံ ဟန္နိုင်းလေဆိပ်မှ ရန်ကုန်လေဆိပ်သို့ ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ် သံအမတ်ကြီး H.E.Mr. Ly Quoc Tuan နှင့် သံရုံးမှ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုကြသည်။

အဆိုပါရောက်ရှိလာသည့် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်သားများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ ပြည်တွင်း ကုန်တင်ကုန်ချ လုပ်သားများက သက်ဆိုင်ရာ မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ပြီး ငလျင်ဘေးသင့်ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆက်လက်ပို့ဆောင်ပေးခဲ့ကြကြောင်း သိရသည်။

စွဲထက်ကို(ပြန်/ဆက်)

# စင်ကာပူနိုင်ငံနှင့် ရုရှားနိုင်ငံတို့မှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများရောက်ရှိ

ရန်ကုန် မတ် ၃၀

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန်စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ပမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို လမ်းဖွင့်ပေးထားပြီးဖြစ်ရာ ယမန်နေ့တွင် ငလျင်ဒဏ်သင့်ပြည်သူများအတွက် စင်ကာပူနိုင်ငံနှင့် ရုရှားနိုင်ငံတို့မှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများသည် မြန်မာနိုင်ငံသို့ ရောက်ရှိကြသည်။

စင်ကာပူနိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့နှင့်အတူ ဆရာဝန်နှင့် သူနာပြုဆေးအဖွဲ့၊ ရှာဖွေကယ်ဆယ်ရေးခွေးလေးကောင်၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့်ဆေးဝါးများ၊ ရုရှားနိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့နှင့်အတူ ဆရာဝန်၊ သူနာပြုဆေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများ ရောက်ရှိကြသည်။

ယမန်နေ့ရောက်ရှိသည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုခဲ့ကြပြီး အဆိုပါ



အဖွဲ့များသည်အဖွဲ့များခွဲ၍ ငလျင်ဒဏ်သင့်ဒေသများရှိ ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးနှင့် ဆေးဝါးကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ဆန်းမြင့်

# ဝမ်းနည်းကြောင်း ထုတ်ပြန်ကြေညာချက်

ရက်စွဲ၊ ၂၀၂၅-ခုနှစ်၊ မတ်လ (၃၀)ရက်

၁။ ၁၃၈၆-ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁၅)ရက်၊ ၂၈-၃-၂၀၂၅ (သောကြာနေ့)၊ မွန်းလွဲ(၁၂)နာရီ (၅၁)မိနစ် (၂)စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်း၏ အရှေ့မြောက်ဘက် (၂၁)ကီလိုမီတာခန့် အကွာ၊ မန္တလေးမြို့နှင့် (၂၀)ကီလိုမီတာခန့်အကွာဒေသ၌ အနက်(၁၀) ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး (၇ ဒသမ ၇)အဆင့်ရှိ အလွန်ပြင်းထန်သောအင်အားရှိသော မြေငလျင်တစ်ခုလှုပ်ရှားခဲ့ပြီး နောက်ဆက်တွဲငလျင်ငယ်များ လှုပ်ရှားခဲ့ကြောင်း သက်ဆိုင်ရာဌာနများ၏ထုတ်ပြန်ချက်အရ သိရှိရပါသည်။

၂။ အဆိုပါပြင်းထန်ငလျင်လှုပ်ခတ်မှုကြောင့် ငလျင်ဒဏ်သင့်ခံရသည့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ကို နိုင်ငံတော်အစိုးရ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက အရေးပေါ်အခြေအနေအဖြစ် ကြေညာထားသည်ကို သိရှိရပါသည်။

၃။ အဆိုပါ ငလျင်လှုပ်ခတ်သည့် ၁၃၈၆-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၅)ရက်၊ (၂၈-၃-၂၀၂၅) သောကြာနေ့တွင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၏ ဩဝါဒအရ သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ဓမ္မာစရိယစာမေးပွဲ စတုတ္ထနေ့အဖြစ် ဖြေဆိုနေသောအချိန်လည်းဖြစ်ပါသည်။ သို့ဖြစ်ရာ စာဖြေသံဃာတော်များသည် ငလျင်ဒဏ်ကြောင့်ပြိုကျလာသည့် သာသနိကအဆောက်အအုံများအတွင်း ပိတ်မိ၍ ထိခိုက်ဒဏ်ရာရရှိခြင်း၊ ပျံလွန်တော်မူခြင်းများ ဖြစ်ပေါ်ခဲ့ရသည့်အတွက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အနေဖြင့် များစွာဝမ်းနည်းစိတ်မကောင်း ဖြစ်ရပါသည်။

၄။ ထို့အပြင် ငလျင်ဗဟိုပြုလှုပ်ခတ်ခြင်းခံခဲ့ရသဖြင့် အဓိကခံစားခဲ့ရသော စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့နှင့် တိုင်းဒေသကြီးအတွင်းရှိမြို့နယ်အသီးသီး၊ နေပြည်တော် ကောင်စီနယ်မြေ၊ ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့ရှိ လူနေတိုက်တာအဆောက်အအုံများ ပြိုကျပျက်စီးမှုကြောင့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ အပါအဝင် ယနေ့(၃၀-၃-၂၀၂၅) ရက်နေ့အထိ သေဆုံးခဲ့ရသူစုစုပေါင်း (၁၆၄၄)ဦး ဒဏ်ရာရရှိသူစုစုပေါင်း (၃၄၀၈)ဦး၊ ပျောက်ဆုံးနေသူ (၁၃၉) ဦးဖြစ်ပြီး ထိုသို့ အသက်ဆုံးရှုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်း၊ ပျောက်ဆုံးခြင်းစသည့် ပျက်စီးဆုံးရှုံးရမှုများဖြစ်ခဲ့ကြရသည့်အတွက်လည်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေဖြင့် လွန်စွာကြေကွဲဝမ်းနည်းဖြစ်ရပါကြောင်းနှင့် ငလျင်ဒဏ်ကိုခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ ပြည်သူများ၏ အသက်အိုးအိမ်ပျက်စီးဆုံးရှုံးရမှုများအတွက် လွန်စွာစိတ်မကောင်းဖြစ်ရပါသည်။

၅။ ထို့အပြင် ငလျင်ဒဏ်သင့်ဒေသအများစုသည် သမိုင်းဝင်သာသနိက အဆောက်အအုံများ၊ စေတီပုထိုး၊ ဂူကျောင်း၊ ပြာသာဒ်များတည်ရှိရာ ဒေသများဖြစ်သည်နှင့်အညီ သာသနာတော်နှင့်စပ်ဆိုင်သော သမိုင်းဝင် အထောက်အထားများ၊ အသုံးပြုဆဲသာသနိကအဆောက်အအုံများ ပြိုကျပျက်စီးဆုံးရှုံးရမှုများ၊ သာသနိကအဆောက်အအုံများသာမက လူနေမှုဘဝတိုးတက်မြင့်မားရေးအထောက်အကူပြု လမ်း၊ တံတား၊ ရေတွင်း၊ ရေကန်စသည့် အဆောက်အအုံများ၊ လူနေအိမ်ဂေဟာများ၊ အခြားဘာသာဝင်တို့၏ ဘာသာရေးအဆောက်အအုံများ၊ အခြားသော ပျက်စီးဆုံးရှုံးမှုများအတွက် လွန်စွာဝမ်းနည်းစိတ်မကောင်းဖြစ်ရပါကြောင်းနှင့် ပျက်စီးတတ်သောသဘော၏ ပျက်စီးခြင်းများကို သံဝေဂဖြစ်ရပါကြောင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေဖြင့် ထုတ်ပြန်ကြေညာအပ်ပါသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

## ပြည်ထောင်စုဝန်ကြီးဦးလှမိုး ဝန်ကြီးဌာနအောက်ရှိ ငလျင်ဒဏ်သင့်ဝန်ထမ်းများအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် မတ် ၃၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက အင်အားအလွန်ပြင်းထန်သော ငလျင်လှုပ်ခတ်မှုကြောင့် ငလျင်ဒဏ်သင့်ခဲ့သည့် ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများအား သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပျဉ်းမနားမြို့နယ်ရှိ မြောက်လွတ်ကုန်းသင်တန်းသားအိပ်ဆောင်သို့ သွားရောက်ပြီး ငလျင်ဒဏ်ကြောင့် ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည့် ပြည်ထောင်စုဝန်ကြီးရုံးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ ဝန်ထမ်းမိသားစုဝင်များနှင့် တွေ့ဆုံအားပေးရာ ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ယာယီပြောင်းရွှေ့နေထိုင်သည့် နေရာများတွင် သောက်သုံးရေ၊ မီးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ အဆင်ပြေအောင် ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများအနေဖြင့်လည်း စနစ်တကျ စည်းကမ်းရှိစွာနေထိုင်ကြရန်မှာကြားပြီး ဝန်ထမ်းများ စားသောက်ရေးအဆင်ပြေစေရေးအတွက် ဝန်ကြီးဌာန၏အစီအစဉ်ဖြင့် ဝန်ထမ်းတစ်ဦးလျှင် ဆန်ခြောက်ပြည်၊ ဆီ ၅၀ သား၊ ငွေကျပ်တစ်သိန်းတို့အား ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လယ်ဝေးမြို့ မဟာစည် သာသနာ့ရိပ်သာသို့သွားရောက်ပြီး ငလျင်ဒဏ်ကြောင့် ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိသည့် သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များနှင့် တွေ့ဆုံအားပေးရာ ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများအနေဖြင့် ရေ၊ မီး၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ လစ်ဟင်းမှုမရှိစေရေး စီစဉ်ဆောင်ရွက်ပေးသွားရန်မှာကြားပြီး ဝန်ထမ်းများ စားသောက်ရေးအဆင်ပြေစေရေးအတွက် ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ဝန်ထမ်းတစ်ဦးလျှင် ဆန်ခြောက်ပြည်၊ ဆီ ၅၀ သား၊ ငွေကျပ်တစ်သိန်းတို့ကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တစ်နာရီလျှင် သောက်သုံးရေသန့် ဂါလန် ၈၀၀ ဖြန့်ဝေပေးနိုင်သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် ရွေ့လျားရေသန့်စင်ယာဉ်ဖြင့် ကုံကော်အိမ်ရာတွင်နေထိုင်သည့် ငလျင်ဒဏ်သင့်ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများအား သောက်သုံးရေသန့်ဖြန့်ဝေနေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီးက နေ့စဉ်ရေလိုအပ်မှုရှိသည့်နေရာများအား ဖြန့်ဝေပေးသွားရန်နှင့် ကျန်ရှိသည့် ဝန်ထမ်းအိမ်ရာများကိုလည်း ဖြန့်ဝေပေးသွားရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မလေးရှား၊ ထိုင်းနှင့် ရုရှားနိုင်ငံတို့မှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုအဖွဲ့များ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများ ထပ်မံရောက်ရှိ

နေပြည်တော် မတ် ၃၀

နိုင်ငံတော် အစိုးရအနေဖြင့် ငလျင်ဒဏ်သင့် ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန်စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ပမှ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အကူအညီများကို လမ်းဖွင့်ပေးထားပြီးဖြစ်ရာ ယနေ့တွင် ငလျင်ဒဏ်သင့် ပြည်သူများအတွက် မလေးရှား၊ ထိုင်းနှင့် ရုရှားနိုင်ငံတို့မှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများသည် မြန်မာနိုင်ငံသို့ ထပ်မံရောက်ရှိကြသည်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့ မလေးရှားနိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများ၊ ထိုင်းနိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့နှင့်အတူ ဆရာဝန်နှင့်သူနာပြုဆေးအဖွဲ့၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများနှင့် ရုရှားနိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့နှင့်အတူ ဆရာဝန်နှင့်သူနာပြုဆေးအဖွဲ့၊ ရှာဖွေကယ်ဆယ်ရေးခွေးလေးကောင်၊ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများ ရောက်ရှိကြသည်။

### ဆောင်ရွက်ပေးသွားမည်



ယနေ့ရောက်ရှိသည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြပြီး အဆိုပါအဖွဲ့များသည် အဖွဲ့များခွဲ၍ ငလျင်ဒဏ်သင့် ဒေသများရှိ ပြည်သူများအား ရှာဖွေကူညီ ကယ်ဆယ်ရေးနှင့် ဆေးဝါးကုသရေး လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ညပိုင်းတွင်လည်း တရုတ်နိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့မှ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများသည် ထပ်မံရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဘေးဒဏ်သင့် မြို့နယ်များ၌ နိုင်ငံတကာမှ ကယ်ဆယ်ရေးအဖွဲ့များ ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မတ် ၃၀

မြန်မာနိုင်ငံ၌ မတ် ၂၈ ရက်က အင်အား အလွန်ပြင်ထန်သော မြေငလျင်နှင့် နောက်ဆက်တွဲ ငလျင်ငယ်များ လှုပ်ရှားမှုကြောင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဒဏ်သင့်ခဲ့ရပြီး လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ကာ ပြည်သူအချို့ အသက်သေဆုံး၍ ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ရသဖြင့် ယနေ့တွင် နိုင်ငံတကာမှ ကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာမြို့နယ်အလိုက် ဆောင်ရွက်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းမှ စတင်၍ နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ ပြည်ပနိုင်ငံများမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်နှင့် ပူးပေါင်းတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးမှ ဝန်ထမ်းများနှင့် တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်သင့်မြို့နယ်များသို့ သွားရောက်၍ ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ ရှာဖွေကယ်ဆယ်ရေး အဖွဲ့ဝင်များသည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်အချို့နှင့် ငလျင်ဘေးဒဏ် သင့်ခဲ့မှုကြောင့် ဆုံးရှုံးပျက်စီးမှု များပြားခဲ့ရသည့် ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိ ပုဂ္ဂလိက အထူးကုဆေးရုံတို့၌ ကွင်းဆင်းကာ ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အသက်သေဆုံးခဲ့ကြရသည့် ပြည်သူအချို့၏ ရုပ်အလောင်းများကို သက်ဆိုင်ရာမြို့နယ်အလိုက် ဆေးရုံများသို့ လွှဲပြောင်းပေးအပ်ခြင်း၊ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်စေရေး ကူညီပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ဥတ္တရသီရိ ပုဂ္ဂလိက အထူးကုဆေးရုံတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် စပ်လျဉ်း၍ ဥတ္တရသီရိပုဂ္ဂလိက အထူးကု ဆေးရုံအုပ်ကြီးက "ငလျင်စလှုပ်တဲ့ နေ့မှာပဲ ဆေးရုံမှာ တက်ရောက်ကုသမှုခံယူနေတဲ့ လူနာတွေနဲ့ ပြင်ပလူနာတွေကို ဆရာဝန်တွေ၊ သူနာပြုတွေက အစိုးရဆေးရုံတွေကို ပို့ဆောင်ပေးပါတယ်။ ဆေးရုံဝန်ထမ်းတွေကိုလည်း ကယ်လို့ရသမျှ အချိန်မီကယ်ထုတ်ခဲ့ပါတယ်။ မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ ကြက်ခြေနီတပ်ဖွဲ့ဝင်တွေ ရောက်ရှိလာပြီး လူနာတွေ၊ ထိခိုက်ဒဏ်ရာရရှိတဲ့သူတွေနဲ့ ဆေးရုံမှာရှိတဲ့ အရေးကြီးတဲ့ ပစ္စည်းတွေကို အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ပြီး သယ်ယူပို့ဆောင်ပေးခဲ့ပါတယ်။ ဒီနေ့မနက်မှာတော့ တရုတ်နိုင်ငံက ကယ်ဆယ်ရေးအဖွဲ့ဝင်တွေနဲ့ ပြည်တွင်းက ကယ်ဆယ်ရေးအဖွဲ့တွေ ပူးပေါင်းပြီး ဆေးရုံအဆောက်အအုံအတွင်းမှာ ပိတ်မိနေသူအချို့ကို အသက်ဆုံးရှုံးမှုမရှိအောင် အချိန်မီ ကယ်နိုင်ခဲ့ပါတယ်။ ဒါ့ပြင် သေဆုံးခဲ့ကြသူတွေရဲ့ ရုပ်အလောင်းတွေကို ရှာဖွေဖော်ထုတ်ပြီး သက်ဆိုင်ရာ မြို့နယ်မှာရှိတဲ့ ဆေးရုံတွေကို ပို့ဆောင်ပေးပါတယ်။ ဆေးရုံအတွင်း ပိတ်မိနေတဲ့သူတွေကိုလည်း အမြန်ဆုံး ဆက်လက် ရှာဖွေကယ်ဆယ်နိုင်ဖို့



ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိ ပုဂ္ဂလိကအထူးကုဆေးရုံတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံကယ်ဆယ်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ ကူညီကယ်ဆယ်နေသည်ကို တွေ့ရစဉ်။

ဆောင်ရွက် လျက်ရှိပါတယ်" ဟု ပြောသည်။

ဥတ္တရသီရိခရိုင် မီးသတ်ဦးစီးမှူး ဦးစိုးသက်နောင်က "မတ်လ ၂၈ ရက်နေ့ ငလျင်စလှုပ်တဲ့နေ့ကတည်းက ကျွန်တော်ဦးစီးတဲ့ အင်အား ၂၀ နဲ့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။ အဓိကတော့ အဆောက်အအုံကြားတွေမှာ အသက်ရှင်လျက် ပိတ်မိနေတဲ့သူတွေကို ဦးစားပေးကယ်ထုတ်ပါတယ်။ ဒီနေ့မှာ တရုတ်နိုင်ငံက ရှာဖွေကယ်ဆယ်ရေးအဖွဲ့တွေ၊ ရန်ကုန်က အထူးရှာဖွေကယ်ဆယ်ရေးအဖွဲ့တွေနဲ့ ပူးပေါင်းပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၈ ရက်ကနေ ဒီနေ့အထိ ဥတ္တရသီရိ ပုဂ္ဂလိက အထူးကုဆေးရုံကြီးကနေ အသက်ရှင်လျက် အယောက် ၂၀ ကို ကယ်ထုတ်နိုင်ခဲ့ပြီး သေဆုံးသူရုပ်အလောင်း ခုနစ်လောင်းကိုလည်း ရှာဖွေပြီး သက်ဆိုင်ရာ ဆေးရုံတွေကို လွှဲပြောင်းပေးခဲ့ပါတယ်။ အသက်ရှင်လျက် ကယ်နိုင်ခဲ့တဲ့သူတွေထဲမှာ ဆေးရုံဝန်ထမ်းတွေ၊ လူနာတွေ ပါဝင်ပါတယ်။ ဆေးရုံအတွင်းမှာ သေဆုံးနေတဲ့ ရုပ်အလောင်းတွေ ရှိနေသေးတဲ့အတွက် နေရာသုံးနေရာကို အဖွဲ့သုံးဖွဲ့ခွဲပြီး ဆက်လက်ရှာဖွေလျက်ရှိပါတယ်"ဟု ပြောသည်။

ညပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိ ရပ်ကွက်အတွင်းရှိ ဝန်ထမ်းအိမ်ရာများ ဖြစ်သည့် တိုက်အမှတ် (၂၃၈၆) နှင့် (၂၃၈၇) တို့တွင် ငလျင်ဘေးဒဏ်ကြောင့် အိမ်ရာအဆောက်အအုံ ပြိုကျပျက်စီးခဲ့ရာ အဆိုပါ အဆောက်အအုံတွင် ပိတ်မိနေပြီး အသက်ရှင်နေသေးသည်ဟု ယူဆရသူများကို ထိုင်းနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် ပြည်တွင်းမှ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ကာ ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ဆောင်ရွက်ကြသည်။

နေပြည်တော်အတွင်း ငလျင်ဘေးဒဏ်ခံခဲ့ကြရသည့် ပြည်သူများနှင့် ဝန်ထမ်းများကို စေတနာရှင်ပြည်သူများ၊ အသင်းအဖွဲ့များက စားသောက်ကုန်များ၊ ရေသန့်ဘူးများ၊ အရေးပေါ်သုံးစွဲနိုင်ရန် ထောက်ပံ့ငွေများ၊ အဝတ်အထည်များ၊ ဆေးဝါးများ လှူဒါန်းကြသည့်အပြင် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ယာယီမိုးကာတဲများ၊ ရွှေ့လျားရေသန့်မော်တော်ယာဉ်များ၊ အုပ်ချုပ်မှုနှင့် ကျန်းမာရေးဆိုင်ရာကိစ္စ ဖြေရှင်းနိုင်ရေး ယာယီရေကန်များ၊ ငလျင်ဒဏ်ခံစားခဲ့ကြသည့် ပြည်သူနှင့် ဝန်ထမ်းများ သက်သာချောင်ချိစွာ စားသောက်နိုင်ရေး ရွှေ့လျားကုန်စိမ်း၊ ကုန်ခြောက်အရောင်း မော်တော်ယာဉ်များဖြင့် ဆောင်ရွက်ပေးနိုင်ရေး စီစဉ်လျက်ရှိသည်။

နိုင်ငံတကာမှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များသည်လည်း လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများ သယ်ဆောင်လျက် မြန်မာနိုင်ငံသို့ ရောက်ရှိလာကြပြီး ပြည်တွင်းရှိ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်းကာ အဖွဲ့များခွဲ၍ ငလျင်ဒဏ်သင့် ဒေသများရှိ ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက်အတွင်းရှိ ဝန်ထမ်းအိမ်ရာများတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ ကူညီကယ်ဆယ်နေစဉ်။



ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်ရှိ နေအိမ်တစ်ခုအတွင်း ပိတ်မိနေသူတစ်ဦးအား စင်ကာပူအဖွဲ့နှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ ကယ်ဆယ်ရေးတပ်ဖွဲ့များ ကူညီကယ်ဆယ်နေသည်ကို တွေ့ရစဉ်။

# ငလျင်ဒဏ်ကြောင့် ပိတ်မိနေသူများအား ကယ်ဆယ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်

**နေပြည်တော် မတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး အတွင်း ငလျင်လှုပ်ခတ်မှုကြောင့် စစ်ကိုင်းမြို့ သကျမိတာ သီလရှင်စာသင်တိုက် အဆောက်အအုံ ပြိုကျပျက်စီး၍ ပိတ်မိနေသူများအား ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များသည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ သီလရှင် တစ်ပါးအား အသက်ရှင်လျက်ကယ်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

အလားတူ စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ မျက်မမြင်ကျောင်း၊ သီလရှင်ကျောင်း၊ လူနေအိမ်များ၊ ပိုးတန်းရပ်ကွက်ရှိ ပညာရေးကောလိပ်၊ (အထက)(၁)စာသင်ကျောင်း၊ စွယ်တော်နန်း တည်းခိုခန်း၊ တိုးတက်ဝေ ကွန်ပျူတာဆိုင်၊ ချင်းစုရပ်ကွက်ရှိ မြတ်ကိုယ်ပိုင်ကျောင်း၊ မင်းလမ်းရပ်ကွက်ရှိ မြို့မဗလီ၊ မိုးကျဗလီ၊ မွေးကြူ အအေးဆိုင်၊ စက်ချုပ်ဆိုင်၊ စိန်ကုန်းရပ်ကွက်ရှိ လေးကျွန်းမြေ အုတ်ကျောင်း၊ ကုန်မာဆိုင်၊ မိုးဇာရပ်ကွက်ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၊ ဇေယျာကွက်သစ်ရပ်ကွက်ရှိ အင်ကြင်းပင်ကျောင်း၊ တကောင်းရပ်ကွက်ရှိ နေလဂျုံစက်၊ ဆေးရွက်ကြီးပွဲရုံ၊ မြို့သစ်ရပ်ကွက်ရှိ သီလရှင်ကျောင်း၊ သကျမိတာစာသင်တိုက်နှင့် သောတာပန်ရပ်ကွက်ရှိ ထွဋ်ခေါင်ကျောင်း၊ ရတနာသိဒ်စာသင်တိုက်၊ ဇမ္ဗူဒီပကျောင်းတိုက်၊ တိုက်ဝါကြီး ဘုန်းတော်ကြီးကျောင်းတိုက်နှင့် အခြားနေရာများရှိ ပိတ်မိနေသူများအား စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များသည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ၃၆ ဦးအား အသက်ရှင်လျက် ကယ်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။



မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်လှုပ်ခတ်မှုကြောင့် Sky Villa အဆောက်အအုံ ပြိုကျပျက်စီးသည့်နေရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ ကူညီကယ်ဆယ်ရေးဆောင်ရွက်နေစဉ်။

ထို့အပြင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်တွင် ငလျင်လှုပ်ခတ်မှုကြောင့် ဗလသိဒ္ဓိရပ်ကွက်ရှိ တိုက်အမှတ်(၂၃၃၆) အဆောက်အအုံ ပြိုကျ၍ ပိတ်မိနေသူများအား ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များနှင့် နေပြည်တော်မှ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်သည်။

အလားတူ မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်လှုပ်ခတ်မှုကြောင့် ပျော်ဘွယ်မြို့ရှိ ကမ္ဘောဇဘဏ် အဆောက်အအုံနှင့် မြင်းဘက်ရပ်ကွက် အတွင်း နေအိမ်များ ပြိုကျပျက်စီး၍ ပိတ်မိနေသူများအား ယနေ့တွင် ပျော်ဘွယ်မြို့နယ် မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ် ရေးတပ်ဖွဲ့ဝင်များသည် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အသက်ရှင်လျက် ၃၃ ဦး ကယ်ထုတ်နိုင်ခဲ့သည်။

အလားတူ မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်လှုပ်ခတ်မှုကြောင့် ရမည်းသင်းမြို့ မြို့မရပ်ကွက်၊ ပန်းတိမ်ရပ်ရှိ စံကျူရီစားသောက်ဆိုင်နှင့် နှစ်ထပ်အဆောက်အအုံ ပြိုကျပျက်စီး၍ ပိတ်မိနေသူများအား ယနေ့တွင် ရမည်းသင်းခရိုင်/မြို့နယ်မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များဖြင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လေးဦးကို အသက်ရှင်လျက် ကယ်ထုတ်နိုင်ခဲ့သည်။

ထို့အတူ ငလျင်လှုပ်ခတ်မှုကြောင့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် သစ္စာ(၂)လမ်းရှိ ပြိုကျပျက်စီးခဲ့သောအဆောက်အအုံအောက်တွင် ပိတ်မိလျက်ရှိသော အသက်ရှင်လျက်ရှိနေသူ တစ်ဦးအား ကယ်ထုတ်နိုင်ရေး မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များသည် (SCDF)စင်ကာပူနိုင်ငံမှ တပ်ဖွဲ့ဝင်များနှင့်အတူ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ငလျင်လှုပ်ခတ်ခဲ့ပြီး ၄၄ နာရီအကြာတွင် အမျိုးသားတစ်ဦးအား အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့သည်။



ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက်အတွင်းရှိ ဝန်ထမ်းအိမ်ရာများတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ ကူညီကယ်ဆယ်နေစဉ်။

အလားတူ မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်လှုပ်ခတ်မှုကြောင့် Sky Villa အဆောက်အအုံ ပြိုကျပျက်စီးသည့် နေရာ၌ ယနေ့တွင် မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင် ၅၀ တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များနှင့် အတူ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မိတ္ထီလာမြို့၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ရန်ကုန်-မန္တလေးကားလမ်းမ ပြုပြင်ဆောင်ရွက်

**မိတ္ထီလာ မတ် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ရန်ကုန်-မန္တလေးကားလမ်းမ(မိတ္ထီလာကန်အရှေ့ဘက်ကန်ပေါင်)အား ပြုပြင်ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက ခရိုင်ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ လမ်းပိုင်းနေရာ မိတ္ထီလာကန် အရှေ့ဘက်ကန်ပေါင်နေရာ ပျက်စီးမှုအား သက်ဆိုင်ရာ ဆည်မြောင်းဦးစီးဌာန လမ်းဦးစီးဌာနနှင့် BOT ယုဇနကုမ္ပဏီတို့ပူးပေါင်းပြုပြင်ဆောင်ရွက်ရန် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးပြီး ဘက်ဟိုးယာဉ်နှစ်ဦး၊ မြေသယ်ယာဉ် ရှစ်စီးတို့ဖြင့် ပြုပြင်ဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

အဆိုပါ လမ်းပိုင်းနေရာအား ဖြတ်သန်းသွားလာခွင့် ယာယီပိတ်ထားပြီး လမ်းပြုပြင်ဆောင်ရွက်မှု ကောင်းမွန်စွာ အမြန်ဆုံးပြီးစီးနိုင်ရေး တာဝန်ရှိသူများက ဦးဆောင်ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။ ကန်ရေနှင့်ဆက်စပ်သည့် လမ်းပိုင်းနေရာဖြစ်သည့်အတွက် မိတ္ထီလာတောင်ကန် ကန်ရေအား မြောက်ကန်ဘက်သို့ ပို့လွှတ်ကန်ရေလျှော့ချပြီး ကန်ပေါင်လမ်းပိုင်းနေရာ ကြံ့ခိုင်ကောင်းမွန်ရေးများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



## တရုတ်နိုင်ငံ ယူနန်ပြည်နယ်ကယ်ဆယ်ရေးဆေးကုသမှုအဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိပြီး မြန်မာနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မတ် ၃၀**

မြန်မာနိုင်ငံတွင် အလွန်အင်အားပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ငလျင်ဘေး ဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပါဝင်ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကယ်ဆယ်ရေးဆေးကုသမှုအဖွဲ့မှ အဖွဲ့ဝင် ၃၇ ဦးပါအဖွဲ့သည် မတ် ၂၉ ရက် နံနက် ၆ နာရီ ခန့်တွင် ကူမင်း Changshui အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အသက်ကယ်ကိရိယာ Life detector များ၊ ငလျင်ကြိုတင်သတိပေးစနစ် Earthquake early warning system များ၊ ခရီးဆောင်ဂြိုဟ်တု potable satellite များနှင့် ဒရုန်းများ အပါအဝင် အရေးပေါ်ကယ်ဆယ်ရေး ပစ္စည်းများ စုစုပေါင်း ၁၁၂ စုံ သယ်ဆောင်ပြီး မြန်မာနိုင်ငံသို့ ထွက်ခွာလာခဲ့သည်။



အဆိုပါ တရုတ်နိုင်ငံ ယူနန်ပြည်နယ်ကယ်ဆယ်ရေးဆေးကုသမှုအဖွဲ့သည် နေပြည်တော်တွင် မြန်မာနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ဥတ္တရသီရိ အထွေထွေရောဂါကုဆေးရုံကြီးအတွင်း ပိတ်မိနေသူ သက်ကြီးအမျိုးသမီးတစ်ဦးကို ယနေ့နံနက် ၄ နာရီခန့် (ငလျင်လှုပ်ခတ်ပြီး ၃၆ နာရီကျော်)၌ မြန်မာနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ အသက်ရှင်လျက်ကယ်ထုတ်ပေးနိုင်ခဲ့ ကြောင်းနှင့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်သင့်နေရာများအား တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးသည့် မှတ်တမ်းဓာတ်ပုံများ

































# မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်သင့်နေရာများအား နိုင်ငံတကာမှ ကယ်ဆယ်ရေးအဖွဲ့များပါဝင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်သည့် မှတ်တမ်းဓာတ်ပုံ























## ပြည်ပသို့ ဆန်တင်ပို့သည့်ကုမ္ပဏီများက ငွေကျပ် ဘီလီယံ ၁၄၀ ခန့် တန်ဖိုးရှိ ဆန်များဝယ်ယူပေးမည်ဟုဆို

**မန္တလေး မတ် ၃၀**

ပြည်တွင်း၌ စပါးဈေး ကျဆင်းခြင်းနှင့် ရောင်းချရန် အခက်အခဲရှိနေသည့်အတွက် ပြည်ပသို့ ဆန်တင်ပို့သည့် ကုမ္ပဏီများက ငွေကျပ် ဘီလီယံ ၁၄၀ ခန့် တန်ဖိုးရှိ ဆန်များဝယ်ယူပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

"လက်ရှိ အခြေအနေမှာ ကမ္ဘာ့ဆန်ဈေးကွက်ကလည်း ကျဆင်းနေသလို ပြည်တွင်းဝယ်လိုအားလည်း ကျဆင်းနေတယ်။ စပါးဈေးကျဆင်းပြီး ရောင်းချဖို့ အခက်အခဲဖြစ်နေတာတွေရှိလို့ ပို့ကုန်ကုမ္ပဏီများနဲ့ အသင်းဝင်ဆန်စက်လုပ်ငန်းရှင်တွေ ညှိနှိုင်းဆောင်ရွက်တာ ဖြစ်ပါတယ်"ဟု ၎င်းအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သည် ပို့ကုန်ကုမ္ပဏီများ၊ အသင်းဝင် ဆန်စက်ကြီးများနှင့် ညှိနှိုင်းပေါင်းစပ်ပြီး စပါးတင်းသိန်း ၁၅၀ နှင့် ညီမျှသောဆန် အိတ် လေးသိန်းကို ဧပြီလနှင့် မေလများတွင် ဝယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းဆန်စပါးဈေးကွက်တွင် ညီမျှထ၊ နွေစပါး စိုက်ပျိုးသော တောင်သူလယ်သမားများအနေဖြင့် စပါးဈေးနှုန်းကျဆင်းခြင်းနှင့် ရောင်းချရန် အခက်အခဲရှိနေသောကြောင့် ယခုကဲ့သို့ စီစဉ်ဆောင်ရွက်ခြင်းဖြစ်သည်။

"တောင်သူများအနေနဲ့ ဆန်စပါး ရောင်းချဖို့ အခက်အခဲရှိနေတယ်ဆိုရင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ကို ဆက်သွယ်နိုင်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

၂၀၂၅ခုနှစ်အတွင်း တရုတ်နိုင်ငံသို့ ပြည်တွင်းမှ ဆန်နှင့် ဆန်ကွဲတန်ချိန် ၅၈၀၀၀ နီးပါး တင်ပို့ထားပြီးဖြစ်၍ ဇန်နဝါရီလက ဆန်တန်ချိန် ၂၆၀၀ ကျော်နှင့် ဆန်ကွဲတန်ချိန် ၁၆၀၀၀ ကျော် တင်ပို့ခဲ့ပြီး ဖေဖော်ဝါရီလတွင် ဆန်တန်ချိန် ၁၄၀၀၀ ကျော်နှင့် ဆန်ကွဲတန်ချိန် ၂၄၀၀၀ ကျော် တင်ပို့ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၉)**



## မြေပဲစိုက်ခင်းများ နုတ်သိမ်းလျက်ရှိပြီး တစ်ဧက မြေပဲတောင့် ၅၄ ဒသမ ၆၃ တင်းခန့် ထွက်ရှိ

**ပွင့်ဖြူ မတ် ၃၀**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံရာသီက စိုက်ပျိုးသည့် မြေပဲစိုက်ခင်းများကို ဒေသခံတောင်သူများက စတင်နုတ်သိမ်းလျက်ရှိရာ ယနေ့အထိ မြေပဲစိုက်ဧက ၂၅၈၀ နုတ်သိမ်းပြီးစီးပြီဖြစ်ကာ တစ်ဧက မြေပဲတောင့်တင်းရေ ၅၄ ဒသမ ၆၃ တင်းခန့် ထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ၂၀၂၄ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ ၃၀၈၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း အဆိုပါမြေပဲစိုက်ခင်းများကို ဒေသခံတောင်သူများက ဇန်နဝါရီလမှ စတင်နုတ်သိမ်း ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ မြေပဲ ၂၅၈၀ ဧက နုတ်သိမ်းခြွေလှေ့ ပြီးစီးပြီဖြစ်သည်။

"ဆောင်းရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ဆီစားသုံးမှု ဖူလုံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေ တိုးပွားစေဖို့အတွက် မြေပဲ ၃၀၈၆ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ နောက်ပြီး မြေပဲခင်းတွေက ပိုးမွှားကျရောက်မှုမရှိလို့ အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်။ အဲ့ဒီ မြေပဲစိုက်ခင်းတွေကို တောင်သူတွေက နွေသီးနှံ ပြန်လည်စိုက်ပျိုးဖို့အတွက် ဇန်နဝါရီလမှစပြီး နုတ်သိမ်းခြွေလှေ့လျက်ရှိရာ ဒီနေ့အထိ မြေပဲဧက ၂၅၈၀ နုတ်သိမ်းခြွေလှေ့ ပြီးစီးပြီဖြစ်ပါတယ်။ မြေပဲအထွက်နှုန်းလည်းကောင်းတယ်၊ တစ်ဧကကို ၅၄ ဒသမ ၆၃ တင်း ထွက်ရှိပါတယ်။ မြေပဲနုတ်သိမ်းခြင်းနဲ့ပတ်သက်ပြီး အထွက်နှုန်းလျော့နည်းမှုမဖြစ်အောင် အချိန်မှီနုတ်သိမ်းကြဖို့နဲ့ နုတ်သိမ်းပြီး မြေပဲများကို အစိုးအကာအောက်တွင် စနစ်တကျ ထားသို သိမ်းဆည်းကြဖို့ အသိပညာပေးတာတွေ လုပ်ဆောင်ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံရာသီ၌ ဆီစားသုံးမှု ဖူလုံပိုလျှံစေရေးအတွက် မြေပဲ ဧက ၂၈၃၀ လျာထား စိုက်ပျိုးခဲ့ရာ ၃၀၈၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ မြေပဲစိုက်ပျိုးတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းကောင်းသော မျိုးသန့်မျိုးစေ့များ တိုးချဲ့စိုက်ပျိုးရေး၊ သဘာဝမြေသြဇာ၊ သဘာဝပိုးသတ်ဆေးများ စနစ်တကျသုံးစွဲရေး၊ (GAP) စနစ်နှင့်အညီ စိုက်ပျိုးရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး စသည့် တောင်သူပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည်။

ပြည်သူများ စားသုံးဆီ ဖူလုံရေးနှင့် တောင်သူဦးကြီးများအတွက် သီးနှံဝင်ငွေတိုးပွားစေရေးအတွက် ဆီထွက်သီးနှံ မြေပဲကို အထွက်နှုန်းများ ကောင်းအောင် စိုက်ပျိုးနိုင်မည်ဆိုပါက ပြည်တွင်းစားသုံးဆီဖူလုံအောင် ဖြည့်ဆည်းပေးနိုင်ရုံသာမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်သောကြောင့် ဒေသနှင့် ကိုက်ညီပြီး အထွက်နှုန်းကောင်းသော မြေပဲမျိုးများကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးသင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

**(အောက်ခံပုံ)**

**(၄၄၅)**



## ဖတ်စရာ၊ မှတ်စရာ

## စုံလင်

## မြန္မာလေး

### ဘဝလှဖို့ စာဖတ်စို့

\- - - - - - - - - - - -

* စာပေအလင်းရောင်
ဉာဏ်လင်းပြောင်
ထိုးထွင်းကြံဆ တိုးတက်ရေး
ဘဝမြင့်ရေး စာဖတ်ပေး ။

* စာဖတ်ခြင်းဖြင့် ဂုဏ်မြင့်အောင်
သင့်ရာစာပေ ဖတ်ကြမောင်
မှတ်သားသိဖွယ် အသွယ်သွယ်
သိဉာဏ်တိုးမယ် ဂုဏ်မြင့်ကြွယ် ။

* စာပေသည်သာ ရတနာမို့
ရာဖြတ်တန်ဖိုး ဆထက်တိုး
ပဲ့ပြင်တည့်မတ် အသိမြတ်
တွေးဆပေးအပ် အကြည်ဓာတ် ။

* ကောင်းကျိုးဆပွား တိုးတက်များ
အမှားကိုမြင် အမှန်ပြင်
တီထွင်ကြံဆ နည်းလမ်းရ
ဘဝအလှ စာဖတ်ကြ ။

**မောင်မောင်လင်းထွဋ် (နန်းတော်ရှေ့)**

## အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် ဘာသာရပ်ဆိုင်ရာ စွမ်းရည်မြှင့်မွမ်းမံသင်တန်းဖွင့်လှစ်

**ပခုက္ကူ မတ် ၃၀**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် ဘာသာရပ်ဆိုင်ရာ စွမ်းရည်မြှင့်မွမ်းမံသင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပခုက္ကူမြို့နယ် ပညာရေးမှူး ဒေါ်ခင်တိုးဝင်းက ဘာသာရပ်ဆိုင်ရာ စွမ်းရည်မြှင့်သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် သင်တန်းတွင် လိုက်နာဆောင်ရွက်ရမည့် အချက်များအကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ၂၀၂၅ ခုနှစ် မတ် ၂၄ ရက်မှ ၂၈ ရက်အထိ သင်ကြားပို့ချပေးခဲ့ကြပြီး မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ မူလတန်းအဆင့် ဆရာ၊ ဆရာမ ၄၉၆ ဦး၊ အလယ်တန်းအဆင့် ဆရာ၊ ဆရာမ ၂၈၁ ဦး၊ စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၇၇၇ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ) (၃၄၀)**






## နည်းပြ ဂတ်စ်ပါရီနီအား နည်းပြသစ်အဖြစ် ခန့်အပ်ရန် ရိုးမားအသင်း ဆွေးနွေး



**လန်ဒန် မတ် ၃၀**

ရိုးမားအသင်းသည် အတ္တလန်တာအသင်းနည်းပြ ဂတ်စ်ပါရီနီအား နည်းပြသစ်အဖြစ် ခန့်အပ်ရန် ဆွေးနွေးလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ရိုးမားအသင်းသည် လာမည့်ရာသီအသစ်တွင် အသင်းပုံစံပြောင်းလဲတည်ဆောက်မည်ဖြစ်သဖြင့် နည်းပြ ဂတ်စ်ပါရီနီအား မြင့်မားသည့် လစာငွေဖြင့် ခန့်အပ်ရန် စီစဉ်လာခြင်းဖြစ်သည်။

နည်းပြ ဂတ်စ်ပါရီနီကိုယ်တိုင်ကလည်း ယခုနှစ်ဘောလုံးရာသီအကုန်တွင် အတ္တလန်တာအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သောကြောင့် အသင်းမှ ထွက်ခွာသွားမည်ဖြစ်သည်။

ထို့ကြောင့် ရိုးမားအသင်းအနေဖြင့် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဂတ်စ်ပါရီနီအား ခန့်အပ်သွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။(ဝဲပုံ) (NGB)

## ဂျူဗင်တပ်အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားမည်ဟု နည်းပြသစ် တူဒေါ ပြောကြား

**လန်ဒန် မတ် ၃၀**

စီးရီးအေကလပ် ဂျူဗင်တပ်အသင်းနည်းပြသစ် တူဒေါက မိမိအနေဖြင့် အသင်းနှင့်အတူ အောင်မြင်မှုများစွာ ရယူသွားမည်ဖြစ်ကြောင်းထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ နည်းပြသည် နည်းပြ သီယာဂိုမော့တာ၏ နေရာတွင် ဂျူဗင်တပ်အသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။

ဂျူဗင်တပ်အသင်းကလည်း နည်းပြ တူဒေါသည် အသင်းအား အောင်မြင်မှုများရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ခြင်းကြောင့် နည်းပြသစ်အဖြစ်ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

တူဒေါက "ကျွန်တော် ဂျူဗင်တပ်အသင်း နည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဒီအသင်းကို အောင်မြင်မှုတွေ ရရှိအောင် အစွမ်းကုန်ကြိုးစားပေးသွားမှာပါ။ ကျွန်တော့်ကို ယုံကြည်စွာတာဝန်ပေးသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။ (ယာပုံ) (NGB)



## ကော်ရီယာအား အက်သလက်တီကိုမက်ဒရစ်အသင်း ရောင်းချသွားမည်



**မက်ဒရစ် မတ် ၃၀**

အက်သလက်တီကိုမက်ဒရစ်အသင်းသည် အသင်းတိုက်စစ်မှူး ကော်ရီယာအား လာမည့် နွေရာသီဈေးကွက်အတွင်းတွင် ရောင်းချသွားမည်ဖြစ်သည်။

အသက်(၃၀)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဂါလာတာစာရေးအသင်းနှင့် ဆော်ဒီကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တိုက်စစ်မှူး ကော်ရီယာသည် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၉ပွဲကစားပြီး ခုနစ်ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အက်သလက်တီကိုမက်ဒရစ်အသင်းကလည်း ကော်ရီယာအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်း ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းမှ ရောင်းချမည်ဖြစ်သော ကော်ရီယာအား မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ဝဲပုံ) (NGB)

## ဘတ်စတိုနီအား စာချုပ်သက်တမ်းတိုးရန် အင်တာမီလန်အသင်းစီစဉ်



**မီလန် မတ် ၃၀**

အင်တာမီလန်အသင်းသည် အသင်း နောက်ခံကစားသမား ဘတ်စတိုနီအား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

နောက်ခံကစားသမား ဘတ်စတိုနီအား လက်ရှိအချိန်တွင် လီဗာပူးအသင်းက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် အင်တာမီလန်အသင်းက စာချုပ် သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် အင်တာမီလန်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၄၂ ပွဲကစားပြီး ငါးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့သည်။

အင်တာမီလန်အသင်းထုတ်ပြန်ချက်တွင် "ဘတ်စတိုနီအား စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာအသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်" ဟု ထုတ်ပြန်သည်။ (ယာပုံ) (NGB)

## ဘောလုံးသတင်း အတိုအထွာများ

* စပါးအသင်းသည် လက်ရှိအချိန် ရလဒ်များဆိုးရွားနေခြင်းကြောင့် အသင်းနည်းပြ ပိုစတီကိုဂလူးအား ရာထူးမှ ထုတ်ပယ်သွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။
* ပရီးမီးယားလိဂ်ကလပ်အသင်းများအနေဖြင့် လာမည့် နွေရာသီ အပြောင်းအရွှေ့ဈေးကွက်အတွင်းတွင် ၂ပိုင်းခွဲကာ ကစားသမားသစ်များ ခေါ်ယူသွားရမည်ဖြစ်သည်။
* လေဗာကူဆင်အသင်းနည်းပြ ဇာဘီအလွန်ဆိုက မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း အတည်ပြု ပြောကြားခဲ့သည်။ (NGB)

## အဆန်စီရို ရီးရဲလ်မက်ဒရစ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုမည်

**မက်ဒရစ် မတ် ၃၀**

ရီးရဲလ်မက်ဒရစ်အသင်းသည် အသင်းကြယ်ပွင့် နောက်ခံကစားသမား အဆန်စီရိုနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမည်ဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားမှုရှိလာခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက စာချုပ်ချုပ်ဆိုရန် အလျင်အမြန်စီစဉ်လာခြင်းဖြစ်သည်။

နောက်ခံကစားသမား အဆန်စီရိုသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ပွဲ ၃၀ကစားပြီး ခြေစွမ်းပြထားသည်။

ရီးရဲလ်မက်ဒရစ်အသင်းထုတ်ပြန်ချက်တွင် "အဆန်စီရိုနှင့် စာချုပ်သက်တမ်းတိုးသွားမှာပါ။ စာချုပ်ကိစ္စလည်း ဆွေးနွေးနေပါပြီ။ မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ"ဟု ပြောသည်။ (အောက်ပုံ) (NGB)



## ဘာစီလိုနာအသင်းနှင့်အတူ စပိန်လာလီဂါချန်ပီယံဆု ဆွတ်ခူးသွားမည်ဟု အီနီဂိုမာတီနက်ဇ် ပြောကြား

**ဘာစီလိုနာ မတ် ၃၀**

ဘာစီလိုနာအသင်း နောက်ခံကစားသမား အီနီဂိုမာတီနက်ဇ်က မိမိတို့အနေဖြင့် အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီ စပိန်လာလီဂါ ချန်ပီယံဆုကြီးအား ရယူသိမ်းပိုက်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဘာစီလိုနာအသင်းသည် ယခုနှစ်ဘောလုံးရာသီ စပိန်လာလီဂါပြိုင်ပွဲတွင် ရလဒ်ကောင်းများ ရယူနိုင်ပြီး အမှတ်ပေးဇယားအား ဦးဆောင်ထားနိုင်ခဲ့သည်။



နောက်ခံကစားသမား အီနီဂိုမာတီနက်ဇ်သည်လည်း ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၈ပွဲကစားပြီး အကောင်းဆုံး ခြေစွမ်းပြထားသည်။

အသက်(၃၃)နှစ်အရွယ်ရှိ အီနီဂိုမာတီနက်ဇ်က "အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီ စပိန်လာလီဂါချန်ပီယံဆုကြီး ရယူသိမ်းပိုက်သွားမှာပါ။ ရယူနိုင်လိမ့်မယ်လို့ ယုံကြည်မိပါတယ်။ ကျွန်တော်တို့အသင်းသားတွေအနေနဲ့လည်း အသင်းအတွက် အစွမ်းကုန်ပေးဆပ်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ (ဝဲပုံ) (NGB)

## ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပြင်သစ်လီဂူး ချန်ပီယံဆုအား ပီအက်စ်ဂျီအသင်း ဆွတ်ခူး

**ပါရီ မတ် ၃၀**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပြင်သစ်လီဂူး အမှတ်ပေးဖလားချန်ပီယံဆုအား ပီအက်စ်ဂျီအသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့သည်။

ပီအက်စ်ဂျီအသင်းသည် ပြင်သစ်လီဂူးပွဲစဉ် ၂၇ပွဲကစားအပြီးတွင် ရမှတ် ၇၁မှတ်ဖြင့် ဒုတိယနေရာမှ မာဆေးလ်အသင်းကို ၂၂မှတ်အထိဖြတ်ထားကာ ပြိုင်ပွဲပြီးဆုံးရန် ခုနစ်ပွဲအလိုမှာပင် ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းထုတ်ပြန်ချက်တွင် "အသင်းအနေနဲ့ အခုလို ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ အသင်းအတွက် အစွမ်းကုန်ကြိုးစားပေးခဲ့ကြတဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ထုတ်ပြန်သည်။ (အောက်ပုံ) (NGB)



# (၂၄-၃-၂၀၂၅)ရက်စွဲပါ မန္တလေးနေ့စဉ်သတင်းစာကြော်ငြာ(စာမျက်နှာ-၂၀)ပါ ဒေါ်ကော့ဖန်(ဘ)ဦးကျန်တာမြင့် (၉/မရမ(နိုင်)၀၇၄၆၉၁)ကိုင်ဆောင်သူ၏ လွှဲအပ်ချက်အရ တရားလွှတ်တော်ရှေ့နေ ဦးလင်းခိုင်သိန်းမှ အများသိစေရန် ကြေညာခြင်းနှင့်ပတ်သက်၍ အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်နေ ဒေါ်မာလာသန်း(ဘ)ဦးသန်းရွှေ(၉/မရမ(နိုင်)၀၂၁၉၂၄)ကိုင်ဆောင်သူနှင့် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်နေ ဒေါ်တင်အိ(ဘ)ဦးညိုပြာ(၉/မရတ(နိုင်)၁၀၆၉၅၃)ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ (၂၄-၃-၂၀၂၅)ရက် မန္တလေးနေ့စဉ်သတင်းစာတွင် ဒေါ်ကော့ဖန်၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးလင်းခိုင်သိန်း၏ ကြေညာခြင်းအပေါ် အောက်ပါအတိုင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(B-၁၈)၊ ဦးပိုင်အမှတ်(၁၈)ဟု ခေါ်တွင်သော ဂရန်မြေကွက်နှင့်ပတ်သက်၍ မန္တလေးမြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် (၇-၇-၂၀၀၃)ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၄၃၃/၂၀၀၃)အရ ဒေါ်ကော့ဖန်ကိုယ်တိုင် ဒေါ်တင်အိ(ဘ)ဦးညိုပြာ (MDYNE -၂၇၁၂၃၄)(၉/မရတ(နိုင်)၁၀၆၉၅၃)သို့ တရားဝင်လွှဲအပ်ခြင်းဖြင့်လည်းကောင်း၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(B-၁၈)၊ ဦးပိုင်အမှတ်(၁၉)ဟု ခေါ်တွင်သော ဂရန်မြေကွက်နှင့်ပတ်သက်၍ မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် (၇-၇-၂၀၀၃)ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၄၃၄/၂၀၀၃)အရ ဒေါ်ကော့ဖန်ကိုယ်တိုင် ဒေါ်မာလာသန်း(ဘ)ဦးသန်းရွှေ (MDYNE -၀၂၀၀၆၂)(၉/မရမ(နိုင်)၀၂၁၉၂၄)သို့ တရားဝင် လွှဲအပ်ခြင်းဖြင့်လည်းကောင်း ထိုစဉ်က အသီးသီးလွှဲအပ်ရောင်းချခဲ့ပြီးဖြစ်ပါကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ယင်းသို့ တရားဝင်လွှဲအပ်ထားခဲ့၍ ဒေါ်ကော့ဖန်၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပြင် ကျွန်ုပ်၏မိတ်ဆွေများ လက်ဝယ်တွင်ရှိနေကြောင်း၊ ယင်းအထူးကိုယ်စားလှယ်လွှဲစာများနှင့်ပတ်သက်၍ သက်ဆိုင်ရာရုံးဌာနအသီးသီးတွင် တရားဝင်စုံစမ်းစစ်ဆေးနိုင်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။ ဒေါ်ကော့ဖန်အနေဖြင့် ၎င်းကိုယ်တိုင်လွှဲအပ်ခဲ့သော အထက်ဖော်ပြပါ ကိုယ်စားလှယ်လွှဲစာများနှင့်ပတ်သက်၍ ယခင်က ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း၊ သက်ဆိုင်ရာရုံးဌာနအသီးသီးတွင် ပြန်လည်ရုပ်သိမ်းပယ်ဖျက်ခြင်းများကို ဆောင်ရွက်ခဲ့ခြင်းအလျှဉ်းမရှိခဲ့ပါ။

သို့ပါ၍ အဆိုပါအထူးကိုယ်စားလှယ်လွှဲစာများကို တရားဝင်အသုံးပြု၍ အခြားသူများထံသို့ တရားဝင် လွှဲပြောင်းရောင်းချခဲ့ပြီးဖြစ်သဖြင့် အဆိုပါဂရန်မြေကွက်များသည် ဒေါ်ကော့ဖန်အမည်ဖြင့် မတည်ရှိတော့ကြောင်း၊ ဂရန်မြေကွက်များအား ဒေါ်ကော့ဖန်အနေဖြင့် ယခုအချိန်တွင် လက်ဝယ်ထားရှိခြင်းမရှိကြောင်းနှင့် ဥပဒေအခွင့်အရေးရှိလျှင် တရားစွဲဆိုခြင်းများ ဆောင်ရွက်နိုင်ပါလျက် ဒေါ်ကော့ဖန်ကိုယ်တိုင်သော်လည်းကောင်း၊ ၎င်း၏ လွှဲအပ်ညွှန်ကြားချက်အရသော်လည်းကောင်း တရားဝင်လွှဲအပ်ခဲ့သော အထူးကိုယ်စားလှယ်လွှဲစာများနှင့်ပတ်သက်၍ ကိုယ်စားလှယ်လွှဲစာအတုများပြုလုပ်အသုံးပြုခဲ့သည်ဟု စွပ်စွဲပြောဆိုကြေညာခဲ့ခြင်းသည် ကျွန်ုပ်မိတ်ဆွေများ၏ ရပ်တည်နေသော အလုပ်အကိုင်၊ အမည်နှင့်ဂုဏ်သိက္ခာကျဆင်းခြင်းများဖြစ်ပေါ်လျက်ရှိသည့် အခြေအနေဖြစ်ပါသည်။

သို့ပါ၍ (၂၄-၃-၂၀၂၅)ရက်စွဲပါ မန္တလေးနေ့စဉ်သတင်းစာ(စာမျက်နှာ-၂၀)ပါ ဒေါ်ကော့ဖန်၏ လွှဲအပ်ချက်အရ တရားလွှတ်တော်ရှေ့နေ ဦးလင်းခိုင်သိန်း၏ အများသိစေရန် အသိပေးကြေညာခြင်းအား ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အဆိုပါကြေညာချက်အား ဖျက်သိမ်းရုပ်သိမ်းကြောင်း ကြေညာပေးရန် ကျွန်ုပ်မိတ်ဆွေများအား တောင်းပန်ကြောင်း ပြန်လည်ကြေညာပေးရန်၊ အများသူငှာ ထင်ယောင်ထင်မှားဖြစ်အောင် ထပ်မံ၍ ကြေညာခြင်းများလုံးဝမပြုလုပ်ပါရန်နှင့် ယင်းကဲ့သို့ ပြုလုပ်ဆောင်ရွက်ပေးခြင်းမရှိပါက တည်ဆဲတရားဥပဒေတစ်ရပ်ရပ်အရ ရာဇဝတ်ကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ-**
**ဒေါ်တင်အိ(ဘ)ဦးညိုပြာ**
**(၉/မရတ(နိုင်)၁၀၆၉၅၃)**
**ဒေါ်မာလာသန်း(ဘ)ဦးသန်းရွှေ**
**(၉/မရမ(နိုင်)၀၂၁၉၂၄)**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးနိုင်လင်းထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ခ-၂/၄၀)၊ ၆၆အေလမ်း၊ လမ်း ၄၀နှင့် ၄၀(ဘီ)လမ်းကြား၊ မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၈၁၀၇၅၊ ၀၉-၇၇၇၇၇၆၂၆၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ မဲကင်းကုန်းနေ ဒေါ်မာမာအေး(ဘ)ဦးအောင်ရှင်(၈/ဆမန(နိုင်)၀၂၃၄၉၉) ကိုင်ဆောင်သူ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မာမာအေးနှင့် မင်းကြည့်ရွာ၊ ဆောမြို့နယ်၊ ဂန့်ဂေါခရိုင်၊ မကွေးတိုင်းဒေသကြီးနေ ဦးမြင့်စိုး(ဘ)ဦးညို(၈/ဆမန(နိုင်)၀၂၃၄၉၈)ကိုင်ဆောင်သူတို့သည် (၁၉၈၅)ခုနှစ်တွင် မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ လက်ထပ်ထိမ်းမြားခဲ့ကြပြီး သားတစ်ဦး၊ သမီးနှစ်ဦး ထွန်းကားခဲ့ကြပါသည်။ သို့ပါသော်လည်း လွန်ခဲ့သော(၅)နှစ်က စိတ်သဘောထားခြင်းမတိုက်ဆိုင်၍ ဦးမြင့်စိုးနှင့် ကျွန်ုပ်၏မိတ်ဆွေတို့မှာ အတူနေထိုင်ကြခြင်းမရှိကြတော့ပါ။ လင်ခန်း၊ မယားခန်းလည်း ပြတ်စဲ၍ အဆက်အသွယ်လုံးဝမရှိကြတော့ပြီးဖြစ်၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်မာမာအေးမှ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ဆောမြို့နယ်၊မင်းကြည့်ရွာ၏ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးသို့ လင်မယားကွာရှင်းပြတ်စဲကြရန် ဦးမြင့်စိုးအား (၂၄-၁၀-၂၀၂၄)ရက်မှစ၍ အကြိမ်ကြိမ်ဆင့်ခေါ်ခဲ့ပါသော်လည်း ဦးမြင့်စိုးမှာ လုံးဝ(လုံးဝ) လာရောက်ခြင်း မရှိခဲ့ပါ။တစ်စုံတစ်ရာလည်း တုံ့ပြန်ပြောဆိုခြင်းလည်း မရှိခဲ့ပါ။သို့ဖြစ်ပါသောကြောင့် ယနေ့ ကြော်ငြာပါသည့်ရက်မှစ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မာမာအေးမှ သက်ဆိုင်သည့် တရားရုံးတော်သို့ လင်မယားကွာရှင်းပြတ်စဲခွင့်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးမြင့်စိုး(ဘ)ဦးညိုနှင့်တကွ အများသိစေရန် လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာဝင်း (ဥပဒေဘွဲ့) တရားလွှတ်တော်ရှေ့နေ**
**W.I.P.O(Switzerland)**
ဦးပိုင်(၁၈)၊အကွက်(cc-၁)၊ကန်သာယာရပ်ကွက်၊ချမ်းမြသာစည်မြို့နယ်၊မန္တလေးမြို့။ ဖုန်း၀၉-၉၆၈၈၉၀၁၁၁

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၁၆)၊ ဦးပိုင်အမှတ်(၁၀-ဆ+၁၀-ဇ)၊ ဧရိယာ ဒသမ(၀ ဒသမ ၀၁၅၁ + ၀ ဒသမ ၀၀၄၃)ဧက အကျယ်အဝန်းရှိ ဦးမြင့်နိုင်+ဒေါ်ချစ်ပို အမည်ပေါက် ဘိုးဘပိုင်မြေနှင့် ၎င်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်အမွေဆက်ခံပိုင်ဆိုင်သူများထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်မိုးမိုး(ဘ)ဦးအုန်းညွန့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ကလထ(နိုင်)၀၀၀၅၃၅)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်း(မူရင်း)များနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

| ဒေါ်သစ်သစ်လေး | ဒေါ်ခင်စိမ်းလန်း | ဒေါ်သီရိထက် |
|---|---|---|
| BA , H.G.P | (LL.B) | (LL.B) |
| ၀၉-၂၀၀၃၅၉၅ | ၀၉-၄၃၁၀၁၆၈၆ | ၀၉-၉၃၁၅၄၂၄၄ |

**ဥပဒေအကျိုးဆောင်ရှေ့နေများ**
**၂၂လမ်း၊ ၆၄လမ်းနှင့် ၆၅လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်နေ ဦးအောင်မြတ်မိုး(ဘ)ဦးညီဥ(၉/မနမ(နိုင်)၁၁၅၆၂၈) ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်မြတ်မိုးနှင့် ဒေါ်သန္တာမြင့်(ဘ)ဦးမောင်မြင့်(၉/မနမ(နိုင်)၀၁၆၉၉၈) ကိုင်ဆောင်သူတို့သည် လွန်ခဲ့သော ၂၀၀၃ ခုနှစ်မှစ၍ မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ လက်ထပ်ထိမ်းမြားခဲ့ကြပြီး သား၊ သမီး(၄)ဦး ထွန်းကားခဲ့ကြပါသည်။ သို့သော်လည်း တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်းမတိုက်ဆိုင်ပါသောကြောင့် (၁၁-၂-၂၀၂၂)ရက်တွင် နှစ်ဦးသဘောတူ လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲထားကြပြီးဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်မြတ်မိုးမှာ ဒေါ်သန္တာမြင့်နှင့်ပတ်သက်၍ လူမှုရေး၊ စီးပွားရေး၊ ကိစ္စအဝဝတို့အား မည်သို့မျှ ပတ်သက်ဆက်နွှယ်ခြင်းမရှိပါကြောင်း၊ တစ်ဖန် ဒေါ်သန္တာမြင့်၏ မည်သည့်ကိစ္စကိုမျှ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာဝင်း(ဥပဒေဘွဲ့) တရားလွှတ်တော်ရှေ့နေ**
**W.I.P.O (Switzerland)**
**ဦးပိုင်(၁၈)၊ အကွက်(cc-၁)၊ ကန်သာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၉၆၈၈၉၀၁၁၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၁၆)၊ ဦးပိုင်နံပါတ်(၄၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ပေ(၄၀×၆၀) အကျယ်အဝန်းရှိ တပ်သားခင်မောင် အမည်ပေါက် ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်းပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးညီညီဇော်(ဘ)ဦးသန်းကြွေ(၅/မမတ(နိုင်)၀၉၇၉၈၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

| ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) | | |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | | |
| ဒေါ်ယုသဇင်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်(၁၁-၁၉)၊ ဦးပိုင်(၂၀+၃၅) နေ ဒေါ်အေသင်ကို(ဘ)ဦးမောင်ကို၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။




ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေသင်ကိုသည် ပူးတွဲဖော်ပြပါ 'MM' အမှတ်တံဆိပ် မြတ်မင်း(ပရိဘောဂ)အမည်ဖြင့် ပရိဘောဂ ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းလုပ်ကိုင်ရန်အတွက် မူပိုင်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင်(၄-၃-၂၀၂၅)ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ်(၅၇၆/၂၀၂၅) အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး 'MM' အမှတ်တံဆိပ်မြတ်မင်း(ပရိဘောဂ)အမည်ဖြင့် ပရိဘောဂထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်လျှက်ရှိရာ ကောင်းသတင်းဖြင့် ပြည်သူအများ တစ်ခဲနက်အားပေးအသုံးပြုလျက်ရှိကြပါသည်။

သို့ဖြစ်၍ 'MM' အမှတ်တံဆိပ်(မြတ်မင်းပရိဘောဂ)အမည်ဖြင့် ဖွင့်လှစ်ထားသော အထက်ဖော်ပြပါ လုပ်ငန်းသည် ဒေါ်အေသင်ကိုမှ တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသည့်အမှတ်တံဆိပ်အမည်အမှတ်အသားဖြစ်ပါကြောင်း၊ တခြားမည်သူတစ်ဦးတစ်ယောက်ကမျှ အဆိုပါအမှတ်တံဆိပ် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ တုပပြုလုပ်ခြင်းတို့ကို မပြုလုပ်ကြရန် ပြုလုပ်ပါက ဒေါ်အေသင်ကို၏ လုပ်ငန်းအကျိုးစီးပွားနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာဆုံးရှုံးမှုအရပ်ရပ်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာဝင်း(ဥပဒေတွဲ)**
**တရားလွှတ်တော်ရှေ့နေ**
W-I-P-O(Switzerland)
**ဦးပိုင်(၁၈)၊ အကွက်(၄၄-၁)၊ ကန်သာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉-၉၆၈၈၉၀၁၁၁**

## ဒီဇိုင်းများ အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြဝတီမင်းကြီးလမ်း၊ ၆၄(C)ထောင့်၊ အမှတ်(လ-၁၀/၇၂)တွင် နေထိုင်သော ဒေါ်ရွှေလှာဦး၊ မှတ်ပုံတင်အမှတ်(၅/ဗမန(နိုင်)၀၄၂၈၁၃)သည် အောက်တွင်ဖော်ပြထားသော ဒီဇိုင်းပုံများအား မူပိုင်ခွင့်ဦးစီးဌာနတွင် လျှောက်ထားခဲ့ရာ မူပိုင်ခွင့်ဦးစီးဌာနမှ လျှောက်ထားချက်အား လက်ခံထားပြီးသည့် ဒီဇိုင်းများ၏ မူပိုင်ရှင်ဖြစ်ပါသည်။



Application Number-D/2025/000028 Application Number-D/2025/000029 Application Number-D/2025/000030

အထက်ဖော်ပြပါ ဒီဇိုင်းအမှတ်အသားများဖြင့် ALUMINIUN WINDOW FRAME အမျိုးမျိုးတို့အား မိမိတို့ကိုယ်တိုင် ဖန်တီးထုတ်လုပ်၍ လက်လီ၊ လက်ကား ဖြန့်ဖြူးရောင်းချခြင်း၊ ဆိုင်ခန်းများဖွင့်လှစ်၍ရောင်းချခြင်း၊ Online မှတစ်ဆင့် ရောင်းချပေးခြင်းများတို့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်၍ အဆိုပါဒီဇိုင်းအမှတ်အသားများအား မည်သည့်ပုံစံဖြင့်မဆို မှိုင်မြမ်းတုပသုံးစွဲခြင်း၊ ပုံစံတူထုတ်လုပ်ရောင်းချခြင်း၊ တစ်နည်းနည်းအားဖြင့် ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူရိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန် အသိပေးတားမြစ်ပါသည်။ မှိုင်မြမ်းတုပသုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်မထွန်း (LL.B; HGP; BA.Hist) တရားလွှတ်တော်ရှေ့နေ**
**ဦးပြည့်စုံအောင်(LL.B) ဦးသန်းထိုက်အောင်(LL.B) အထက်တန်းရှေ့နေများ**
**အမှတ်(I-8)၊ ၃၀(အေ)၊ ၆၅လမ်းနှင့် ၆၆လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၀၄၇၁၀**

## မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ်(၉၉)၊ ဦးပိုင်အမှတ်(၆-ဆ)၊ ဧရိယာ(၀ ဒသမ ၀၃၂၇)ဧက အကျယ်အဝန်းရှိသော ဦးအောင်ငွေ အမည်ပေါက် ဘိုးဘပိုင်မြေကွက်၏ အနောက်ဘက်ခြမ်းဧရိယာ(၀ ဒသမ ၀၀၇၄)ဧက အကျယ်အဝန်းရှိသော ဘိုးဘပိုင်မြေကွက်နှင့် ဦးပိုင်အမှတ်(၆-စ)၊ ဧရိယာ(၀ ဒသမ ၀၃၀၇)ဧက အကျယ်အဝန်းရှိသော ဦးအောင်ငွေ အမည်ပေါက် ဘိုးဘပိုင်မြေကွက်၏ အနောက်ဘက်ခြမ်းဧရိယာ(၀ ဒသမ ၀၀၀၇)ဧက အကျယ်အဝန်းရှိသော ဘိုးဘပိုင်မြေကွက်များနှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ ရေမီတာ၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟုအဆိုပြုသူများဖြစ်ကြသော (၁)ဦးထွန်းထွန်းဦး(ဘ)ဦးလှစိန်(၉/အမဇ(နိုင်)၀၈၈၁၃၁)၊ (၂)ဒေါ်တင်တင်ဝင်း(ဘ)ဦးတင်အောင်(MDYNW-၀၁၅၁၁၁)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်ခင်နီနီစိုး (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း: 02-4068839, 09-2006029, 09-792006029, 09-692006029**
**ladylawyer. khinninisoe @ gmail. com**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာ၊ အပိုင်း(၁)၊ အကွက်အမှတ်(မမ-၂၇)၊ တိုက်အမှတ်(၂၄)၊ အခန်းအမှတ်(၀၀၃)၊ မြေညီထပ်တိုက်ခန်းရှိ ဦးဝင်းဆွေ အမည်ပေါက်တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော(ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲပိုင်ခွင့်၊ လွှဲပြောင်း ရောင်းချပိုင်ခွင့်အပြည့်အဝရှိသူဟု အဆိုပြုသူ ဒေါ်တင်တင်အုန်း(ဘ) ဦးညိုကြီး (၉/မနမ(နိုင်) ၀၂၇၃၄၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေများ အပြေအကြေ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အရောင်းအဝယ်ကိစ္စနှင့် ၎င်း၏ အမည်ပေါက် ပြောင်းလဲဆောင်ရွက်ရန်အတွက် ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းအိရွှေစင်(LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**အကွက်(မမ-၂၇)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၅၃၁၉၉၉၊ ၀၉-၆၉၃၉၉၉၁၁၃**

## မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျိုကုန်းရပ်ကွက်၊ အကွက်အမှတ်(အ-၂၁)၊ ဦးပိုင်အမှတ်(၆၂-က)၊ ဧရိယာ(၀ ဒသမ ၀၂၇၅) ဧက အကျယ်အဝန်းရှိသော ဒေါ်သန်းခင် အမည်ပေါက်ဂရန်မြေကွက်၏ တောင်ဘက်ခြမ်းဧရိယာ( ၂၀ ပေ × ၆၀ ပေ)အကျယ်အဝန်းရှိသော ဂရန်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သွပ်မိုး(၂)ထပ်အဆောက်အအုံ၊ ရေမီတာ၊ လျှပ်စစ်မီတာ (ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟုအဆိုပြုသူများဖြစ်ကြသော (၁)ဦးဝင်းဆင့်(ဘ)ဦးသာဆင့်(၁၂/လမတ(နိုင်)၀၀၁၂၈၈)၊ (၂)ဒေါ်သင်းသင်းကြိုင်(ဘ)ဦးခင်ကြိုင်(၉/မရမ(နိုင်)၀၀၀၀၆၈)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း: 02-4068839, 09-2006029, 09-792006029, 09-692006029**
**ladylawyer. khinninisoe @ gmail. com**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၁၁)၊ ခွဲကျွန်ဦးပိုင်နံပါတ်(၇၀-ခ)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၆)ဧက အကျယ်အဝန်းရှိ ဦးမောင်မောင်ဦး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ရှီဖန်လန်(ဘ)ဦးရှီလျန်ဝီ (၁၃/ကခန(နိုင်)၀၁၀၄၇၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်း မူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်အေးစုထွန်း(LL.B,LL.M,DBL) (တရားလွှတ်တော်ရှေ့နေ)**
**ဒေါ်မာမာငွေ(LL.B) (တရားလွှတ်တော်ရှေ့နေ)**
**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

# မြန်မာနိုင်ငံတွင် ပြင်းထန်စွာငလျင်လှုပ်ခတ်ခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံဝန်ကြီးချုပ် Dato’ Seri Haji Anwar bin Ibrahim နှင့် ဖုန်းဖြင့် ဆက်သွယ်ပြောကြား



မြန်မာနိုင်ငံတွင် ပြင်းထန်စွာငလျင်လှုပ်ခတ်ခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံဝန်ကြီးချုပ် Dato’ Seri Haji Anwar bin Ibrahim နှင့် ဖုန်းဖြင့် ဆက်သွယ်ပြောကြားစဉ်။

နေပြည်တော် မတ် ၃၀

မြန်မာနိုင်ငံ၌ မတ် ၂၈ ရက်တွင် ပြင်းထန်စွာ ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် မြန်မာနိုင်ငံအတွင်း ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့မှုများနှင့်ပတ်သက်၍ အကူအညီများပေးအပ်နိုင်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နေ့လယ်ပိုင်းတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံဝန်ကြီးချုပ် Dato’ Seri Haji Anwar bin Ibrahim နှင့် ဖုန်းဖြင့် ဆက်သွယ်ပြောကြားသည်။

## ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မည်သို့ ကူညီဆောင်ရွက်ရမည်ကို ဆွေးနွေးခဲ့

ထိုသို့ပြောကြားရာတွင်ဦးစွာ အာဆီယံအလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံဝန်ကြီးချုပ်က မလေးရှားနိုင်ငံအနေဖြင့်သော်လည်းကောင်း၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌနိုင်ငံ အနေဖြင့်သော်လည်းကောင်း မြန်မာနိုင်ငံတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများအပေါ် မိမိတို့အနေဖြင့် ဝမ်းနည်းကြေကွဲရပါကြောင်း၊ ယနေ့နံနက်ပိုင်းတွင်လည်း မိမိတို့နိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့ကို လေယာဉ်ဖြင့် စေလွှတ်ခဲ့ပြီးဖြစ်ကြောင်း၊ အလားတူ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး အနေဖြင့်လည်း အခြားသော အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ရုပ်သံအစည်းအဝေးပြုလုပ်၍ အဆွေတော် အပါအဝင် အာဆီယံအဖွဲ့ဝင် မိသားစုများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မည်သို့ကူညီဆောင်ရွက်ရမည်ကို ဆွေးနွေးခဲ့ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ အာဆီယံအလှည့်ကျဥက္ကဋ္ဌ အနေဖြင့်သော်လည်းကောင်း၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ်အနေဖြင့်သော်လည်းကောင်း မိမိတို့မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့်အခြေအနေများကို ဖုန်းဖြင့် ဆက်သွယ်ပြောကြားပေးမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ အဆွေတော်တို့နိုင်ငံ၏ အကူအညီပေးမှုများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ AHA စင်တာ၏ အကူအညီပေးမှုဖြင့် ယမန်နေ့ကလည်း စင်ကာပူနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များ ရောက်ရှိတာဝန်ထမ်းဆောင်နေပြီဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့်လည်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိအချိန်အထိ သေဆုံးသူ ၁၇၀၀ ခန့်နှင့် ဒဏ်ရာရရှိသူ ၃၄၀၀ ခန့်ရှိပြီး ပျောက်ဆုံးသူ ၃၀၀ နီးပါးခန့် ရှိကြောင်း၊ သေဆုံးသူအရေအတွက် ထပ်မံတိုးလာနိုင်ကြောင်း၊ အခြေအနေပေါ်မူတည်ပြီး အပြောင်းအလဲများ ရှိနိုင်ပါကြောင်း၊ အဓိကအားဖြင့် ယခုကဲ့သို့ အခက်အခဲဖြစ်ပေါ်နေချိန်တွင် အဆွေတော်တို့နိုင်ငံအပါအဝင် အာဆီယံနိုင်ငံများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမှုအတွက်လည်း ကျေးဇူးတင်ရှိကြောင်းနှင့် အာဆီယံအသိုင်းအဝိုင်းကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

> မလေးရှားနိုင်ငံသည် မိမိတို့နိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှုများ ကောင်းမွန်သည့် နိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ အဆွေတော်တို့ နိုင်ငံခြားရေးဝန်ကြီး မြန်မာနိုင်ငံသို့ လာရောက်မှုကိုလည်း မိမိတို့နိုင်ငံမှ ကြိုဆိုပါကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံအသိုင်းအဝိုင်းအတွင်း မှန်ကန်သည့် စိတ်သဘောထားဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ မလေးရှားနိုင်ငံအနေဖြင့်သော်လည်းကောင်း၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌအနေဖြင့်သော်လည်းကောင်း ယခုကဲ့သို့ ဆက်သွယ်မေးမြန်းကူညီဆောင်ရွက်ပေးသည့်အတွက်လည်း မိမိတို့နိုင်ငံအတွက် ခွန်အားများစွာရရှိစေပြီး မိမိနှင့် မြန်မာနိုင်ငံပြည်သူများအနေဖြင့် များစွာကျေးဇူးတင်ရှိ
>
> နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

> မြန်မာနိုင်ငံသည် မလေးရှားနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှုများရှိပြီးဖြစ်သည့် နိုင်ငံဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကူညီမှုများကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် မလေးရှားနိုင်ငံခြားရေးဝန်ကြီးကို မြန်မာနိုင်ငံအတွက် ပေးအပ်နိုင်မည့်အကူအညီများ ပေးအပ်နိုင်ရေး မြေပြင်အခြေအနေများကို ကြည့်ရှုရန်အတွက် အဆွေတော်တို့နိုင်ငံသို့ စေလွှတ်ပေးသွားမည်
>
> အာဆီယံအလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံဝန်ကြီးချုပ် Dato’ Seri Haji Anwar bin Ibrahim

ထို့နောက် အာဆီယံအလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံသည် မလေးရှားနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှုများရှိပြီးဖြစ်သည့် နိုင်ငံဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကူညီမှုများကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ထို့ပြင် မလေးရှားနိုင်ငံခြားရေးဝန်ကြီးကို မြန်မာနိုင်ငံအတွက် ပေးအပ်နိုင်မည့် အကူအညီများပေးအပ်နိုင်ရေး မြေပြင်အခြေအနေများကို ကြည့်ရှုရန်အတွက် အဆွေတော်တို့နိုင်ငံသို့ စေလွှတ်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မလေးရှားနိုင်ငံသည် မိမိတို့နိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှုများ ကောင်းမွန်သည့် နိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ အဆွေတော်တို့ နိုင်ငံခြားရေးဝန်ကြီး မြန်မာနိုင်ငံသို့ လာရောက်မှုကိုလည်း မိမိတို့နိုင်ငံမှ ကြိုဆိုပါကြောင်း၊ မိမိတို့အနေဖြင့်အာဆီယံ အသိုင်းအဝိုင်းအတွင်း မှန်ကန်သည့် စိတ်သဘောထားဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ မလေးရှားနိုင်ငံ အနေဖြင့်သော်လည်းကောင်း၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ အနေဖြင့်သော်လည်းကောင်း ယခုကဲ့သို့ ဆက်သွယ်မေးမြန်းကူညီ ဆောင်ရွက်ပေးသည့်အတွက်လည်း မိမိတို့နိုင်ငံအတွက် ခွန်အားများစွာရရှိစေပြီး မိမိနှင့်မြန်မာနိုင်ငံပြည်သူများအနေဖြင့် များစွာကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်